မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇွန် ၈ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၄၆)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတစ်ဝန်း တည်ဆောက်ခဲ့သည့် ၂၀၀ ပြည့်မြောက် မမြရေလှောင်တမံဖွင့်လှစ်
လယ်မြေဧက ၁၀၀၀၀ ရေသွင်းစိုက်ပျိုးနိုင်မည့်အပြင် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်
လျှပ်စစ်ဓာတ်အားပါ ပေးဝေနိုင်၍ ဒေသခံပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်

နေပြည်တော် ဇွန် ၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)က တာဝန်ယူတည်ဆောက်သော နိုင်ငံတော်၏ အခု ၂၀၀ မြောက် ရေလှောင်တမံ ဖြစ်သည့် ဧရာဝတီတိုင်း မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါ မမြရေလှောင်တမံ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ရေလှောင်တမံကို ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၆ ကော်လံ ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ မမြ ရေလှောင်တမံ ရေထိန်းမျှော်စင်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဧရာဝတီတိုင်း ဟင်္သာတခရိုင် မြန်အောင်မြို့နယ် မျှင်ဝါးတောင်ရွာ၏အနောက်မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာ တမံအလျားပေ ၁၁၈၀၀၊ အမြင့်ပေ ၁၅၀ ရှိပြီး လယ်မြေဧက ၁၀၀၀၀ ကို ရေပေးဝေနိုင်မည့် မမြရေလှောင်တမံနှင့် ရေထိန်းမျှော်စင်တို့၏မြင်ကွင်းကို ရနိုင်ရိုးမတောင်တန်း နောက်ခံပြု၍ ဤသို့တွေ့ရသည်။

ဓာတ်ပုံ-အောင်သန်း(မင်္ဂလာတောင်ညွန့်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ကျွန်တော်တို့သည် စစ်ကိုမလိုလားပါ။ သို့သော် ကျွန်တော်တို့ မြန်မာနိုင်ငံကို ကျူးကျော်တိုက်ခိုက်လာလျှင်ကား ရဲရဲတောက်သော မြန်မာ့သွေးတို့သည် ရန်သူကို ဒူးထောက်လက်မြှောက်အညံ့ခံ အရှုံးပေးကြမည်မဟုတ်ဘဲ ရင်ကိုမြေကတုတ်လုပ်ကာ ရန်သူကို ခုခံတွန်းလှန်သွားမည်ဖြစ်ပါသည်။ မြန်မာလူမျိုး ဆိုသည်မှာ ကြက်ဆင်သားစားရမှ စစ်တိုက်နိုင်သော လူမျိုးမဟုတ်၊ ထမင်းခြောက်ကိုဝါးပြီး သစ်ဥသစ်ဖုတူးစားကာ စစ်တိုက်နိုင်သောလူမျိုးဖြစ်သည်။ မြန်မာတို့သည် ဒုပေနာပေခံနိုင်သော ထုလေမာလေ လူမျိုးဖြစ်သည်။ ထို့ကြောင့် အမေရိကန်နှင့် အပေါင်းပါတို့၏ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ပြီး မြန်မာနိုင်ငံကို စစ်တိုက်နေခြင်းသည် ဘယ်သောအခါမျှ အောင်မြင်လိမ့်မည် မဟုတ်ပါ။

ငါးမင်းဆွေ၏ ဆောင်းပါး (စာ ၈-၉)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဇွန်လ ၈ ရက်)

ရေရှည် အကျိုးစီးပွားဖြစ်ထွန်းစေမည့် စက်မှုကုန်ကြမ်း ရော်ဘာတိုးချဲ့စိုက်ပျိုး

မွန်ပြည်နယ်၏ သဘာဝအနေအထားနှင့် ရာသီဥတုသည် ရော်ဘာစိုက်ပျိုးဖြစ်ထွန်းသော ရေခံ၊ မြေခံ ဖြစ်သည်။ ၂၀၀၆-၂၀၀၇ခုနှစ်မှ ၂၀၀၈-၂၀၀၉ခုနှစ်အထိ သုံးနှစ်အတွင်း ရော်ဘာဧကလေးသိန်း ပြည့်မီကျော်လွန်အောင် စိုက်ပျိုးလျက်ရှိသည်။

နိုင်ငံတစ်ဝန်း၌ ရော်ဘာဧက ခုနစ်သိန်းကျော်ရှိသည့်အနက် မွန်ပြည်နယ်တွင် ဧကသုံးသိန်းကျော် စိုက်ပျိုးလျက်ရှိသည်။ ရော်ဘာပြည်နယ်ဖြစ်ရေးအတွက် မြေလွတ်မြေရိုင်းများတွင် တိုးချဲ့စိုက်ပျိုးသွားရန် ကြိုးပမ်း အကောင်အထည်ဖော်လျက် ရှိသည်။

နိုင်ငံတကာ၌ ရော်ဘာဈေးကွက်သည် တွင်ကျယ်ပျံ့နှံ့လာလျက်ရှိသည်။ စက်မှုကုန်ကြမ်း ရော်ဘာနှင့် ဓာတုပစ္စည်းများပေါင်းစပ်၍ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိသည်။ ရော်ဘာသည် ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများအတွက်သာမက ပြည်ပဈေးကွက်ရရှိနေသော စက်မှုကုန်ကြမ်းသီးနှံလည်း ဖြစ်သည်။ ပြည်ပမှ ဝယ်လိုအားမြင့်မားနေမှုကြောင့် စီးပွားဖြစ်စိုက်ပျိုးခြင်းဖြင့် ဒေသခံပြည်သူများ လူမှုစီးပွားဘဝ မြင့်မားမည့်အပြင် နိုင်ငံခြားငွေတိုးတက်ရရှိနိုင်မည် ဖြစ်သည်။

သက်တမ်းလွန် ရော်ဘာပင်အိုများကိုလည်း ရော်ဘာသစ်နှင့် ပရိဘောဂများပြုလုပ်ကာ ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် ရေရှည်အကျိုးအမြတ် ရရှိနိုင်မည်ဖြစ်သည်။

ရော်ဘာစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းပျိုးပင်များ ရွေးချယ်စိုက်ပျိုးရန်လိုအပ်သည်။ ထို့ပြင် ရောဂါပိုးမွှားကျရောက်မှု ဒဏ်ခံနိုင်သော အာမခံချက်ရှိမည့် မျိုးကောင်း၊ မျိုးသန့်၊ စံချိန်မီ ပျိုးပင်များကိုသာ စိုက်ပျိုးကြရမည်ဖြစ်သည်။

ရော်ဘာကို နိုင်ငံအတွင်း တိုးချဲ့စိုက်ပျိုးကြခြင်းဖြင့် နိုင်ငံတော်အတွက်သာမက စိုက်ပျိုးသူများအတွက်ပါ အကျိုးဖြစ်ထွန်းစေမည်ဖြစ်၍ စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာကို အားသွန်ခွန်စိုက် ပိုမိုတိုးချဲ့စိုက်ပျိုးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ဗိုလ်အောင်ကျော်လမ်း အမှတ် ၁၇၀/၁၇၆ နေ ဦးတင်အေး-ဒေါ်ခင်ညွန့်ဝေ၊ သား မောင်အောင်ဟိန်းအေး၊သမီး မခင်ချိုလွင် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော် ကြီး အ တွက် အလှူငွေကျပ်တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော်ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုရုပ်မြင်သံကြားဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ကြည့်ရှုလေ့လာ

ရန်ကုန် ဇွန် ၇

တရုတ်-မြန်မာ နှစ်နိုင်ငံအစိုးရ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး အစီအစဉ်အရ နှစ်နိုင်ငံ၏ ရုပ်မြင်သံကြားနယ်ပယ်စသည့်ဘက်များမှ ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ရန် ရန်ကုန်မြို့သို့ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုရုပ်မြင်သံကြားဌာန (CCTV)မှ ညွှန်ကြားရေးမှူးချုပ် ကျောက်ဟွရုံ (ဒုတိယဝန်ကြီးအဆင့်) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ ရောက်ရှိကြရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံ ရေဒီယိုနှင့်ရုပ်မြင်သံကြားဖွဲ့စည်းထားရှိမှု၊ ထုတ်လွှင့်မှုနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား သမိုင်းကြောင်းတို့ကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုရုပ်မြင်သံကြားဌာန ညွှန်ကြားရေးမှူးချုပ် ကျောက်ဟွရုံ က China Central Television - CCTV ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပူးပေါင်းဆောင် ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Forever Group မှ ဦးဝင်းမော်က MRTV-4 ထုတ်လွှင့်မှု အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လက်မှတ်ရေးထိုး

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုရုပ်မြင်သံကြားဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ကျောက်ဟွရုံ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ ရေဒီယို စတူဒီယိုနှင့် ရုပ်မြင်သံကြားစတူဒီယိုအတွင်း ရေဒီယိုနှင့် ရုပ်မြင်သံကြား လက်တွေ့ရိုက်ကူး ထုတ်လွှင့်မှုများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ **(ဝဲပုံ)** မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၆-၂၀၀၇
(သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	သေရဦးမယ်သတိထား တရားတော် (ဆရာတော်အရှင်အာစာရာလင်္ကာရ) (စစ်ကိုင်း-ရွှေဟသ်ာ)
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ်
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	၂၀၀၇ ခုနှစ် (၅၆)ကြိမ်မြောက် မယ်စကြဝဠာ ရွေးချယ်ပွဲ အခမ်းအနား
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	ဆက်သွယ်လုံခြုံ နည်းအဖုံဖုံ
၉း၁၅	ပြည်တွင်းသတင်း အကျဉ်း
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	ကျန်းမာရေးကဏ္ဍ မိုးရာသီတွင် ဖြစ်ပွားသော တုပ်ကွေးရောဂါ (အဆုတ်နှင့် ရင်ခေါင်းအထူးကု သမားတော် ဒေါက်တာ ရတနာကျော်နှင့် တွေ့ဆုံခြင်း)
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်နှင့် ရတနာဈေး
၁၀း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	Basic Computer Learning for Beginner (Vol:12) (Microsoft Excel)
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	Say it in English
၁၀း၅၅	မိုးလေဝသခန့်မှန်းချက်
၁၁း၀၀	အမြင့်သဘင်၏ ရုပ်သေးသမားစဉ် (အပျိုတော်ခန်းနှင့် ဟိမဝန္တာခန်း)
၁၁း၂၀	ပြည်တွင်းသတင်း အကျဉ်း
၁၁း၃၀	Myanmar Video Rhythm
၁၂း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၃၀	**တို့တစ်ရွာလုံးချမ်းသာပြီ ဆန်းထွဋ်၊ သူသူဟံသာ၊ ဇော်ဦး၊ မိုးဒီ၊ ငွေတောင်၊ တက္ကသိုလ်ဂွမ်းပုံ [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]**
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၈-၆-၂၀၀၇
(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၃၅	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၃။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှိတော့ရှိတယ် ရှားတယ်** (အပိုင်း-၂၅)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အထူးရဲ** (အပိုင်း-၁၃)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စင်ကာပူသမ္မတနိုင်ငံ ဧည့်သည် လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စင်ကာပူသမ္မတနိုင်ငံ Skycom Satellite Systems Pte., Ltd. မှ General Manager, Mr. Simon C.K.Tso သည် ယနေ့မွန်းလွဲ ၂နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အင်ဂျင်နီယာချုပ်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ရေးမြို့နယ် ကျောင်းရွာ၌ကျင်းပသည့် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားတွင် ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများနှင့် ကျောင်းသုံးဖတ်စာအုပ်များကို ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျောင်းရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ကျင်းပသော မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့ဟူသော ရည်မှန်းချက်ကို ပေါက်ရောက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရေး၊ နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများကို လိုက်နာကျင့်သုံးဆောင်ရွက်သွားကြရေး၊ ထူးချွန်ထက်မြက်သည့် ပညာတတ်များ ပေါ်ထွန်းလာရေးအတွက် မိဘ၊ ဆရာ၊ ကျောင်းသားများ ဝိုင်းဝန်းပါဝင် စုပေါင်းဆောင်ရွက်သွားကြရေးတို့ကို အကျယ်တဝင့် မှာကြားသည်။

ထို့နောက် အမှတ်(၁)အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းကြည်က ကျောင်းအပ်နှံရေးနေ့နှင့်စပ်လျဉ်းသည့် လှုပ်ရှားဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ရေးတပ်နယ်မှ ဗိုလ်မှူးချုပ် ချိုထွန်းအောင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းကြည်တို့က ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများနှင့် ကျောင်းသုံးဖတ်စာအုပ်များကို ကျောင်းသားကျောင်းသူများအား ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အလှူရှင်များက ကျောင်းအတွက် ပညာရေး အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဓမ္မရက္ခိတစာသင်တိုက် ဆရာတော် ဘဒ္ဒန္တခန္တီအား သွားရောက် ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျောင်းရွာ တိုက်နယ်ဆေးရုံသို့ သွားရောက်ကြပြီး လူနာများအား ထောက်ပံ့ငွေများ ပေးအပ်အားပေးကာ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ သားဖွားခန်းနှင့် ဓာတ်ခွဲခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည်တူးမြောင်းကျေးရွာအနီး၌ ကျင်းပသော ရေးမြို့နယ် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

စိုက်ပျိုးပေး

အဆိုပါအခမ်းအနားတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ရေးတပ်နယ်မှ ဗိုလ်မှူးချုပ်ချိုထွန်းအောင်တို့က လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများအား ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ပေးအပ်ကြပြီး ခြံစည်းရိုးကြက်ဆူများကို သတ်မှတ်နေရာများတွင် စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ရေးမြို့နယ် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲတွင် မြေဧရိယာ ငါးဧက၌ စိုက်ပျိုးကြပြီး ၂၀၀၇-၂၀၀၈ခုနှစ်၌ မြို့နယ်အတွင်း စိုက်ပျိုးရန်လျာထားဧကသုံးသောင်းကျော်အနက် ပျိုးထောင်ပြီးဧကတစ်သောင်းကျော်နှင့် စိုက်ပျိုးပြီးဧက လေးထောင်ကျော် ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် လမိုင်းမြို့သို့ ရောက်ရှိကြပြီး မုနိပါလခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိ ရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကြသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ရေးဦးစွာ လမိုင်းမြို့အုပ်ချုပ်ရေးမှူး ဦးတင်စိုးက မြို့၏ ဒေသန္တရဆိုင်ရာ အချက်အလက်များ၊ မြို့ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် ယနေ့ လမိုင်းမြို့သို့ မိမိရောက်ရှိသည့်အခါ လမိုင်း၏ တိုးတက်ဖြစ်ထွန်းနေမှုများကို မြင်တွေ့ရသဖြင့် အထူးပင်ဝမ်းမြောက်ပီတိဖြစ်မိကြောင်း၊ မြို့အင်္ဂါရပ်နှင့် ညီညွတ်ဆီလျော်သော နေအိမ်အဆောက်အအုံများနှင့် မြို့၏ သန့်ရှင်းသပ်ရပ်မှုများမှာ မျက်မြင်ကိုယ်တွေ့ဖြစ်၍ အထူးပြောရန်ပင် မလိုအပ်တော့ကြောင်း၊ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တည်ဆောက်ရာတွင် နိုင်ငံနှင့်အဝန်းရှိ ဒေသတိုင်းမှ ဒေသခံပြည်သူများ၊ ရပ်မိ ရပ်ဖများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ စုပေါင်းပါဝင်လက်တွဲ တာဝန်ယူမှု၊ ဆောင်ရွက်မှုတို့သည် လွန်စွာအရေးပါကြောင်း၊ အဆိုပါ စုပေါင်းဆောင်ရွက်မှုအခြေအနေကို လမိုင်းမြို့က သက်သေထူပြသနေကြောင်း၊ ဤသို့သော စည်းလုံးညီညွတ်သည့် စိတ်ဓာတ်၊ တာဝန်သိမှုတို့သည် ဤနေရာ ဤဒေသက တစ်ခုတည်း ရှိရုံဖြင့် မလုံလောက်ဘဲ နိုင်ငံတော်၏ တစ်နံတစ်လျား နေရာဒေသတိုင်း၌ ရှိနေရန် အရေးကြီးကြောင်း၊ သို့မှသာ နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသော ပြည်နယ်၊ တိုင်းအားလုံး အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရမည်ဟူသည့် ရည်မှန်းချက် ပြည့်ဝအကောင်အထည်ပေါ်မည်ဖြစ်ကြောင်း၊နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံး ဥပမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ် ဦးထိပ်ထားပြီး အမျိုးသားရေးခံယူချက်အဖြစ် ခံယူကျင့်သုံးကာ မိမိတို့ မြို့၊ ရွာ၊ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ကြီးကို စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိ ရပ်ဖများနှင့် တိုင်းရင်းသားပြည်သူအားလုံးက တာဝန်သိသည့် စည်းကမ်းရှိသည့် စိတ်ဓာတ်ဖြင့် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တက်ရောက်ကြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် လမိုင်းအခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပသော မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာ၌ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အသိပညာရှင် အတတ်ပညာရှင်များရှိရန် အရေးကြီးကြောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ပညာတတ်ပုဂ္ဂိုလ်များဖြင့်သာ နိုင်ငံတော်ရှိ မြေပေါ်မြေအောက် ရေပေါ် ရေအောက် သယံဇာတများကို ထုတ်ယူအသုံးချနိုင်မည်ဖြစ်ကြောင်း၊ သို့အတွက် နိုင်ငံတော်က ကလေးသူငယ်များ ကျောင်းနေချိန်အရွယ် ကျောင်းတက်နိုင်ရေး၊ ပညာသင်ယူ တတ်မြောက်နိုင်ရေး၊ အသိပညာရှင် အတတ်ပညာရှင်များ ထွန်းကားများပြားလာရေး စသည်တို့အတွက် မည်သည့် ကျောင်းနေအရွယ်ကလေးမဆို ကျောင်းတက်နိုင်စေရန် ၂၀၀၇-၂၀၀၈ခု ပညာသင်နှစ်မှစတင်၍ အခမဲ့ မူလတန်းပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရွက်နေသည်မှာ အားလုံးသိရှိကြပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ် ကလေးများအား ကျောင်းအပ်နှံရေးမှာ မိဘများ၏ တာဝန်ဖြစ်ပြီး ကျောင်းနေသူ ကျောင်းသား ကျောင်းသူတိုင်မှာလည်း မိမိတို့ တက်ရောက်သင်ယူနေရသည့် အဆင့်တိုင်းတွင် ပညာကို အပတ်တကုတ် လေ့လာသင်ယူ ကြိုးစားအားထုတ်ကြမှသာ အနာဂတ်၌ အသိပညာရှင် အတတ်ပညာရှင်၊ ပညာတတ်ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်သည် တစ်နိုင်ငံလုံး၌ ပညာရေးထူးချွန် ပထမဆုကို ဆွတ်ခူးရရှိထားသည်ဖြစ်သဖြင့် ယင်းအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် အမှတ်(၁) အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းကြည်က ပညာရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ပြည်နယ်အတွင်း ကျောင်းအပ်နှံမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အလှူငွေပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အလှူရှင်များက လမိုင်းအခြေခံပညာ အထက်တန်းကျောင်းအတွက် ပညာရေး အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဘေးလမိုင်းကျေးရွာအနီး ဖြစ်ထွန်းအောင်မြင်နေသော ရော်ဘာ ၁၀ ဧက စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ရော်ဘာစိုက်တောင်သူများအား ရော်ဘာမျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးသွားကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် BPM-2, PB-260 RRIM-600, 2001, 2002 ရော်ဘာမျိုးဖူးဆက် ရော်ဘာပျိုးပင်များကို ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ရေး-သံဖြူဇရပ်- မုဒုံ- မော်လမြိုင် လမ်းအတိုင်း ထွက်ခွာလာကြပြီး ညနေပိုင်းတွင် မော်လမြိုင်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၈-၆-၂၀၀၇ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၀	၆။	အတီးပြိုင်ပွဲ
၈း၁၅	၇။	ကြေးမုံရိပ်သွင်တေးနယ်ဥ်
၈း၂၅	၈။	သစ်လွင်ခံ့ညားဖားတစ်ရှဉ်းတံတား
၈း၃၀	၉။	International News
၈း၄၅	၁၀။	English for Everyday Use
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Demonstration Exercises for Correct Pronunciation
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (အရှေ့တိုင်းပညာအထူးပြု) (အရှေ့တိုင်းပညာ)
၁၇း၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၁၅	၆။	မြန်မာစာမြန်မာစကား
၁၇း၃၀	၇။	လှေကားသုံးထစ်ဆင်းတဲ့အခါ အရိုင်း၊ မင်းသူ၊ အေးသီတာ ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)
၁၇း၄၅	၈။	နှောင်းခေတ်တေးပဒေသာ
၁၈း၀၀	၉။	ညနေခင်းသတင်း
၁၈း၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၁။	သုတစုံလင် ရွှေဉာဏ်ရှင်
၁၉း၀၅	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ရွှေရောင်သန်းသောအသည်းနှလုံး"** (အပိုင်း-၉)
၂၀း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ကံကြမ္မာနတ်သမီး"** (အပိုင်း-၁၀)
	၁၇။	နောက်တစ်နေ့အစီအစဉ်
	၁၈။	အစီအစဉ်ပြီး၏။

ကွယ်လွန်သူညီအစ်မများ ဒေါ်နီနှင့် ဒေါ်မြမြတို့အား ရည်စူး၍ အမှတ် ၃၂၀ အလုံလမ်း ဒဂုံမြို့နယ်နေ ဒေါ်ကြည်ကြည်အေးက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဦးဘဉာဏ် လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ မိခင်/ကလေးအသင်းခွဲ ပညာသင်စရိတ်ထောက်ပံ့၊ စာဖတ်ဝိုင်းထူထောင်

ရန်ကုန် ဇွန် ၇

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ၏ ပညာသင်စရိတ်ထောက်ပံ့မှုနှင့် စာဖတ်ဝိုင်း ထူထောင်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်၉နာရီက ရန်ကုန်မြို့ ဘဏ်လမ်းရှိ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ဝင် မိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပညာသင်စရိတ်ထောက်ပံ့

ရှေးဦးစွာ ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်း ရဲတပ်ဖွဲ့၏ တပ်ဖွဲ့ဝင် သားသမီးများအတွက် ၂၀၀၇ခု ပညာသင်နှစ် ပညာသင်စရိတ် ထောက်ပံ့ငွေနှင့် ကျောင်းသုံးစာရေးကိရိယာများကို ပေးအပ်ရာ ဌာနအလိုက် တာဝန်ရှိသူများက လက်ခံယူကြသည်။ **(ယာပုံ)**

လှည့်လည်ကြည့်ရှု

ထို့နောက် ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းရဲတပ်ဖွဲ့ မိသားစုများ၏ စာဖတ်ဝိုင်း ထူထောင်ခြင်းကို လှည့်လည်ကြည့်ရှုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါပညာသင်စရိတ်ထောက်ပံ့ခြင်း အခမ်းအနားတွင် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ဝင်များ၏ သားသမီး ကျောင်းသား ကျောင်းသူ ၄၉၇၉ ဦး အတွက် ထောက်ပံ့ငွေနှင့် စာရေးကိရိယာတန်ဖိုး စုစုပေါင်းမှာ ငွေကျပ် ၁၇၂ သိန်း နှစ်သောင်း သုံးထောင်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုံလွှန်တော်မူ ကျေးဇူးရှင် အောင်ပန်းဆရာတော် ဘဒ္ဒန္တ သာသန (အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) နှစ်နှစ် ခြောက်လပြည့်(၂၀–၅–၂၀၀၇) ရက်အား ရည်စူး၍ တပည့် ဘဒ္ဒန္တ ဓမ္မပါလ၊ ဘဒ္ဒန္တ ဣန္ဒက နှင့် ဒါယကာ၊ ဒါယိကာမများက ကြေးပိဋကတ်တော် သုံးချပ် တန်ဖိုးငွေကျပ် ၇၅၀၀၀ကို ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း ကျောင်းတော်ရာရွှေကျင်တိုက် မင်္ဂလာတိုက်ကျောင်း ပဓာနနာယက ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏထံ လှူဒါန်းစဉ်။ (က–ပ)

အမေနှင့်သမီးများ နောက်ဆုံးပတ်အဖြစ် ဆက်လက်ပြသ လာမည့်သောကြာ ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း ဝင်မည်

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဇွန် ၇

အမေနှင့်သမီးများဇာတ်ကားကို သမ္မတနှင့်သွင်ရုံတွင် နောက်ဆုံးပတ်အဖြစ် ဆက်လက် တင်ဆက်လျက်ရှိသည်။ လာမည့်သောကြာပတ်တွင် လှိုင်ရုပ်ရှင်ထုတ်လုပ်ရေးမှ အကြည်တော်၏ ဝတ္ထုကို ဒါရိုက်တာမီးပွားရိုက်ကူးသည့် **ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း** ဇာတ်ကားသစ်ရုံဝင်လာမည်ဖြစ်သည်။

ယင်းဇာတ်ကားတွင် လွင်မိုး၊ ခန့်စည်သူ၊ နန္ဒာလှိုင်၊ ပုလဲဝင်း၊ ဇော်ဝမ်း၊ ချိုပြုံး၊ စန္ဒီမြင့်လွင်၊ ကုသိုလ်နှင့် ဟာသသရုပ်ဆောင်များပါဝင်ထားသည်။

မင်္ဂလာရုံတွင် အိန္ဒိယဇာတ်ကား DHOOM-2 ပြသနေပြီး ရှေ့ဆောင်နှင့်နေပြည်တော်ရုံတွင် 300 ဇာတ်ကားနှင့် Shooter အက်ရှင် ဇာတ်ကားများ ဆက်လက်ပြသနေဆဲ ဖြစ်သည်။

မြို့မရုံတွင် AK-47 ဇာတ်ကားရုံဝင်လာပြီး ရွှေဂုန်ရုံအပေါ်ထပ်တွင် Cyborg ဇာတ်ကားနှင့် မြေညီထပ်တွင် Laadla ဇာတ်ကားတို့ တင်ဆက်ပြသလျက်ရှိသည်။ဆုထူးပန်ရုံတွင် Jaadein ဇာတ်ကားပြသနေသည်။ ဘုရင့်ရုံတွင် ခြိမ်းခြောက်ခြင်းအမည်ရ Blackmail ဇာတ်ကား ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် ဆူနီးလ်ရှက်သီး၊ အာဂျေးလ်ဒေ့ဂန်နှင့် ပရီရင်ကာချိုပရာတို့ ခေါင်းဆောင်ပါဝင်ထားသည်။

ဒါရိုက်တာ မောင်သီရိက်ကူးပြီး လွင်မိုး၊နန္ဒာလှိုင်၊အေးဝတ်ရည်သောင်းတို့ခေါင်းဆောင် ပါဝင်ထားသော **တိမ်မိုးငယ်ဝေ** အဆင့်မြင့်မြန်မာဗီဒီယို ဇာတ်ကားမှာရွှေဗဟိုရ်၊ဘုရင့်နောင်၊ ရောဝတီနှင့် မြရတနာရုံများတွင် ဆက်လက်အားကောင်းနေဆဲ ဖြစ်သည်။

ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)ရိုက်ကူးပြီး ဒွေး၊သားညီ၊ တင့်တင့်ထွန်း၊နန္ဒာလှိုင်တို့ခေါင်းဆောင် ပါဝင်ထားသော **သေပြေးရှင်ပြေး** အဆင့်မြင့် မြန်မာဗီဒီယို ဇာတ်ကားမှာ နဝဒေး၊ ရွှေမန်း၊ စံပြနှင့်သီတာရုံများ တွင် တင်ဆက်လျက်ရှိသည်။

ဒါရိုက်တာ မောင်မောင်ဦး (စနိုးဝှိုက်) ရိုက်ကူးပြီး နိုင်းနိုင်း၊ စိုးမြတ်သူဇာနှင့် အိန္ဒြာကျော်ဇင်တို့ ပါဝင်ထားသည့် **နေတစ်စင်း လတစ်စင်း ချစ်ခြင်းအသဇ္ဇေ** အဆင့်မြင့် မြန်မာဗီဒီယို ဇာတ်ကားမှာ မကြာမီရုံဝင်လာမည် ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ကျွန်တော့် ချစ်သူပြောသော သူ့ချစ်သူအကြောင်းမှ ဇာတ်ဝင်ခန်း တစ်ခန်း။

နှင်းဆီကုန်းဘိုးဘွားရိပ်သာ သမိုင်းနှင့်ပတ်သက်သော စာရွက်စာတမ်း၊ ဓာတ်ပုံများ ပေးပို့လှူဒါန်းကြရန် မေတ္တာရပ်ခံ

ရန်ကုန် ဇွန် ၇

ဘွားဒေါ်ဦးဇွန်းသည် ၁၉၃၃ ခုနှစ်တွင် ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် နှင်းဆီကုန်းရပ်ကွက်၌ နှင်းဆီကုန်း လူအိုရုံ၊ သို့မဟုတ် နှင်းဆီကုန်း ဘိုးဘွားရိပ်သာကို စတင်တည်ထောင်ခဲ့ရာ ၂၀၀၈ခုနှစ်တွင်(၇၅)နှစ်"စိန်ရတုနှစ်"သို့ ရောက်ရှိလာမည်ဖြစ်၍ စိန်ရတုအထိမ်းအမှတ်အဖြစ် စာစောင်များ ရေးသားထုတ်ဝေရန်စီစဉ်လျက်ရှိသည်။

ကြီးကြပ်ဆောင်ရွက်

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ (၇၅)နှစ်ခရီး စိန်ရတု အထိမ်းအမှတ် စာစောင်ဖြစ်မြောက်ရေးကိုဗိုလ်မှူးကြီး စောမြင့်(အငြိမ်းစား) (မှူးသမိန်)၊ ဦးလှမြိုင် (ကိုဆောင်း)၊ ဦးမျိုးသန့် (မောင်ဆုရှင်)၊ ဦးချစ်စံဝင်း စသည့် စာရေးဆရာကြီးများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ဂုဏ်ပြုရေးသားမည်

စတင် တည်ထောင်ခဲ့သူ ဘွားဒေါ်ဦးဇွန်းနှင့် နှင်းဆီကုန်း ဘိုးဘွားရိပ်သာသမိုင်းကို စာရေးဆရာကြီး တက္ကသိုလ်စိန်တင်ကဂုဏ်ပြုရေးသားမည်ဖြစ်ပြီး နှင်းဆီကုန်း ဘိုးဘွားရိပ်သာကို ဒုတိယဆက်လက် တည်ထောင်ခဲ့သူ မြန်မာ့အလင်း ဦးတင်နှင့် နှင်းဆီကုန်း ဘိုးဘွားရိပ်သာသမိုင်းကို စာရေးဆရာမကြီး ဒေါက်တာ မတင်ဝင်းက ဂုဏ်ပြုရေးသားမည်ဖြစ်သည်။

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၏ (၇၅)နှစ် သမိုင်း ကဗျာရှည်ကို ဒေါက်တာထီလာစစ်သူက ဂုဏ်ပြုစပ်ဆို ရေးသားမည်ဖြစ်ပြီး နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၏ (၇၅)နှစ် သမိုင်းကိုညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)ဦးဘသန်း(မဟာဝိဇ္ဇာ)က ဂုဏ်ပြုရေးသားမည်ဖြစ်သည်။

အထက်ဖော်ပြပါ သမိုင်းတွင်မည့် စာအုပ်များ ရေးသားရာတွင် အထောက်အကူပြုမည့်အချက်အလက်များ၊ စာရွက်စာတမ်း၊ ဓာတ်ပုံများကို အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(အငြိမ်းစား) ဖုန်း–၅၄၁၇၉၇၊ ၅၄၆၁၉၇ထံသို့ လှူဒါန်း၍ဖြစ်စေ၊ ငှားရမ်း၍ဖြစ်စေ ကူညီကြပါရန် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့က မေတ္တာရပ်ခံထားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတောင်တန်းဒေသ ဗုဒ္ဓဘာသာသာသနာပြုအဖွဲ့ စတုပစ္စယ ငွေပဒေသာပင် အတွက် ကမာရွတ်မြို့နယ် ၅မိုင်ခွဲ မြကန်သာလမ်း အမှတ် (၄၆၉/ဘီ) နေ ဦးမောင်မောင်လေး (ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်း၊ ငြိမ်း)–ဒေါ်ကြူကြူသိန်း မိသားစုက အလှူငွေကျပ်တစ်သိန်းကို အဏ္ဏဝါ ဓမ္မာရုံ ၁၄/ခ ကြားတောရလမ်း ဗဟန်းတွင် ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ အဏ္ဏဝါဦးသန်းအောင်က လက်ခံယူစဉ်။ (က–ပ)

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် ရန်ကြီးအောင်လမ်းနေ မိခင်ဒေါ်စိန်တင်အား အမှူးပြု၍ ဦးစိန်ဝင်း–ဒေါ်ချိုချို၊ သမီး မအေးအေးသွယ်၊ သား မောင်မြတ်မိုး၊ (မောင်) ဗိုလ်ကြီးစိုးနိုင်(ငြိမ်း)–ဒေါ်ခင်ဖြူမိသားစုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းသုံးထောင်ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ အမှုဆောင်အဖွဲ့ဝင် ဦးချစ်မြိုင် ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အိုလံပစ်နေ့ အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၇

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ၂၀၀၇ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် (၂၅)မိနစ်အမြန်ရွှေ့စစ်တုရင်ပြိုင်ပွဲ(Rapid Chess)ကို ဇွန် ၂၃ရက်မှ ၂၅ရက်အထိ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်(အောင်ဆန်း အားကစားပြိုင်ကွင်း)တွင် ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်နိုင်

ပြိုင်ပွဲများကို အကြီးတန်းနှင့် အငယ်တန်းပြိုင်ပွဲ နှစ်မျိုးကျင်းပသွားမည်ဖြစ်ပြီး အကြီးတန်းပြိုင်ပွဲတွင် မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး အငယ်တန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ ကျင်းပခဲ့သည့်ပြိုင်ပွဲများတွင် ဆုမရရှိဖူးသေးသူများ၊ အမျိုးသမီးများနှင့် အသက်၁၆နှစ်အောက် လူငယ်များ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသည်။

စာရင်းပေးသွင်းနိုင်

ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုကြေးငွေများကို ထိုက်တန်စွာချီးမြှင့်မည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ကြမည့် စစ်တုရင်အားကစားသမားများသည် ဇွန် ၂၂ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်(အောင်ဆန်းအားကစားပြိုင်ကွင်း)သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

မူးယစ်ကင်းစင် အလှဆင်

မြန်မာနိုင်ငံ၏ စားသုံးမှုနှင့် သုံးစွဲမှုအလေ့အထ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၇

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်းစီစဉ်မှု၊ ပြည့်ဖြိုးကျော်ထရေးဒင်းကုမ္ပဏီလီမိတက်၏ ပံ့ပိုးကူညီမှုဖြင့် ဇွန် ၉ရက်(စနေနေ့) မွန်းလွဲ ၂နာရီခွဲတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဦးမိုးကျော်(MMRD)က မြန်မာနိုင်ငံ၏ စားသုံးမှုနှင့်သုံးစွဲမှု အလေ့အထခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာ၌ ပညာရေးကဏ္ဍအဓိကကျ ပညာတတ်လူလိမ္မာများဖြစ်စေရန် လက်ဦးဆရာမိဘများ အလွန်အရေးပါ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေမြဲရေး ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဇွန် ၇

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၏ ၂၀၀၇–၂၀၀၈ ပညာသင်နှစ် အခြေခံပညာ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံစရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မေ၂၉ရက် နံနက် ၉နာရီက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တပ်နယ်ခန်းမတွင်ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်း၊ ယာယီ တိုင်းဦးစီး (ဗိုလ်မှူးကြီး) ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးနှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အရာရှိ၊ စစ်သည်၊ အိမ်ထောင်စုဝင် မိသားစုများ၊ အခြေခံပညာ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာတိုင်းမှူးဗိုလ်ချုပ်ခင်ဇော် **(အပေါ်ပုံ)**က အမှာစကား ပြောကြားရာတွင် နှစ်စဉ် မေ၂၅ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် သတ်မှတ်ခဲ့သည့်အတွက် ထိုရက်များတွင် နိုင်ငံနှင့်အဝန်း ကျောင်းစတင်လက်ခံသောနေ့ပင်ဖြစ်ကြောင်း၊ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် ပညာရေးကဏ္ဍသည် အဓိကကျကြောင်း၊ ပညာတတ်လူလိမ္မာများဖြစ်စေရန် လက်ဦးဆရာမိဘများသည် အလွန်အရေးပါကြောင်း၊ နိုင်ငံတော်မှ မြန်မာ့ပညာရေး မျှော်မှန်းချက်များအဖြစ် "မျက်မှောက်ခေတ်ကာလဖြစ်သော ပညာခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့ကျင့်သင်ယူနေသောလူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်" ဆိုသည့် ကောင်းမြတ်သော မျှော်မှန်းချက်ဖြင့် မြန်မာ့အခြေခံပညာကဏ္ဍ အနှစ် ၃၀ နှစ်ရှည်စီမံကိန်း ရည်မှန်းချက်နှင့်အညီ ကျောင်းနေရွယ် ကလေးများအားလုံး ကျောင်းနေမြဲပြီး မူလတန်းပြီးဆုံးသည်အထိ သင်ယူပြီးမြောက်ရေး လုပ်ငန်းများကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

လက်ခံယူ

အခမ်းအနားတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံစရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ ပေးအပ်ရာ ကျောင်းသား ကျောင်းသူများ ကိုယ်စား အထက်တန်းကျောင်းသား တစ်ဦးနှင့် ကျောင်းသူတစ်ဦးတို့ကလည်းကောင်း၊ အလယ်တန်းကျောင်းသားတစ်ဦးနှင့် ကျောင်းသူတစ်ဦးတို့က လည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းက မူလတန်းအဆင့် ကျောင်းအပ်နှံစရိတ်၊ ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ရာ မူလတန်း ကျောင်းသားတစ်ဦးနှင့် ကျောင်းသူတစ်ဦးတို့က လက်ခံရယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထောက်ပံ့

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ၂၀၀၆–၂၀၀၇ ပညာသင်နှစ်အတွင်း အထက်တန်းအဆင့် ၁၄၇ဦး၊ အလယ်တန်းအဆင့် ၁၉၈ဦး၊ မူလတန်းအဆင့် ၂၄၇ဦး၊ စုစုပေါင်း ၅၉၂ ဦးတို့အား ကျောင်းအပ်နှံစရိတ် ထောက်ပံ့ငွေကျပ် ၁၄၈၇၉၁၀၊ စာရေးကိရိယာ ထောက်ပံ့ငွေ ၁၈၅၂၇၄၄ ကျပ်၊ ကျောင်းဝတ်စုံ ထောက်ပံ့ငွေ ၁၂၀၂၉၇၅ ကျပ်၊ စုစုပေါင်း ၄၅၄၃၆၂၉ ကျပ် ထောက်ပံ့ပေးခဲ့ကြောင်း၊ ၂၀၀၇–၂၀၀၈ ပညာသင်နှစ်အတွင်း အထက်တန်းအဆင့် ၁၃၁ ဦး၊ အလယ်တန်းအဆင့် ၁၉၄ဦး၊ မူလတန်းအဆင့် ၂၂၈ဦး၊ စုစုပေါင်း ၅၅၃ ဦးတို့အား ကျောင်းအပ်နှံစရိတ် ထောက်ပံ့ငွေကျပ် ၁၅၄၄၂၈၀၊ စာအုပ်၊ ပေတံ၊ ဘောပင်၊ ခဲတံစသည့် စာရေးကိရိယာ ထောက်ပံ့ငွေကျပ် ၁၂၆၆၄၅၀၊ ကျောင်းဝတ်စုံစရိတ်ငွေကျပ်၁၆၁၅၁၅၀၊ စုစုပေါင်းငွေကျပ် ၄၄၂၅၈၈၀ ထောက်ပံ့ခဲ့သည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၆ ရက်က အမှတ်(၁၆)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ကွန်းခိုရာစာကြည့်တိုက်တွင်ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ညွန့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှဌေးနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေး

ဟင်္သာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီး အရာရှိဦးဘိုလှရီ၊ လေးမျက်နှာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ရွှေနှင့် အဖွဲ့သည် မေ ၁၂ ရက်က အိုင်သပြုကျေးရွာ လူငယ့်အားမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၂၀ မှ ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အဖွဲ့ဝင်များ၊ စာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံ၍ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး၊ကိုယ်ပိုင်အဆောက်အအုံများရရှိရေး၊ ငွေပဒေသာပင်များ စိုက်ထူရေးတို့ကို ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးတင်ရွှေက အိုင်သပြုကျေးရွာ လူငယ့်အားမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက်စာအုပ်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းကျော်က လက်ခံရယူကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း ပြည်တွင်း သတင်းအတိုအထွာ

ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ကျန်းမာရေးပညာပေး

ကချင်ပြည်နယ် ဟိုပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်းသည့် ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲ အခမ်းအနားကို မေ ၂၀ရက် နံနက် ၁၀နာရီက ဟိုပင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းက ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဒေါက်တာမျိုးမျိုးဝင်းက ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေးမှူး ဦးမျိုးသန့်က ကျန်းမာရေးအသိပညာနှင့် ပတ်သက်သည်များ ဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေရင်အေးစပါးနှင့် ခြံစည်းရိုးကြက်ဆူပင် ရည်မှန်းချက်စိုက်ဧကကျော်လွန်ရေး တာဝန်ပေး

၂၀၀၇ခုနှစ် စိုက်ပျိုးရာသီချိန် ရွှေရင်အေးစပါးနှင့် ခြံစည်းရိုးကြက်ဆူ ရည်မှန်းချက်စိုက်ဧက ကျော်လွန်ပြည့်မီစွာ စိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲကိုမေ ၂၄ရက် နံနက် ၁၀နာရီက နောင်တရားမြို့ အစည်းအဝေးခန်းမ၌ကျင်းပရာ အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က အမှာစကားပြောကြားပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဖြည့်စွက်ဆွေးနွေးကြသည်။ ထို့နောက် ရပ်ကွက်၊ကျေးရွာအုပ်စုအလိုက် စိုက်ပျိုးရမည့် ရွှေရင်အေးစပါးနှင့် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးရေး မြို့နယ်အုပ်ချုပ်ရေးမှူးက တစ်ဦးချင်း တာဝန်ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

မူဆယ်မြို့ မုံးပေါ်ကျေးရွာ စာဖတ်ဝိုင်းကျင်းပ

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အသိပညာ ဗဟုသုတများ တိုးပွားရေးနှင့် စာပေဖတ်ရှုမှု အလေ့အထများ တိုးပွားလာစေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းများနှင့်စာဖတ်ပြိုင်ပွဲများကို ဆောင်ရွက်လျက်ရှိရာ မြို့နယ်ဦးစီးမှူး ဦးဒေးဗစ် ဦးစီး၍ စာဖတ်ပွဲကို မေ ၃၀ရက်က မူဆယ်မြို့နယ် မုံးပေါ်ကျေးရွာတွင် ကျင်းပရာ စာရေးဆရာချစ်နိုင် (စိတ်ပညာ)၏ ငယ်စဉ်ကစ ပျိုးထောင်မှ ဆောင်းပါးနှင့် ပညာရှာခြင်းအလုပ် ဆောင်းပါးကို မြို့နယ်ဦးစီးမှူး ဦးဒေးဗစ်က လည်းကောင်း၊မေ၁၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာမှ ဆောင်းပါးရှင် ရေနံ့သာ မောင်ကျော်ညွန့်၏ ဖတ်မှတ်လေ့လာဆည်းပူးပါ ဆောင်းပါးကို ဓာတ်ပုံကျွမ်းကျင်–၂ ဦးမောင်မောင်နိုင်က လည်းကောင်း ဖတ်ကြားဆွေးနွေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကွတ်ခိုင် ပြန်/ဆက် စာဖတ်ပွဲ

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး၏ကြီးကြပ်မှုဖြင့် စာဖတ်ပွဲအခမ်းအနားကို မေ၂၄ရက် နံနက် ၁၁ နာရီက မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ဌေးဌေးဝင်းက ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးနှင့် ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးများတွေ့ဆုံပွဲမှာကြားချက်ကို ထပ်ဆင့်ရှင်းလင်းပြီး ဓာတ်ပုံကျွမ်းကျင်–၂ ဦးပီတာဖော်ဒိန်းက မေ ၂၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ငါးမင်းဆွေ၏ ဘာအရေးကြီးသလဲဆောင်းပါး၊ စာထောက်–(၃) ဒေါ်ဥမ္မာက ချစ်နိုင်(စိတ်ပညာ)၏ ခေါင်းဆောင်သူ၏ လက္ခဏာများစာအုပ်မှ ခေါင်းဆောင်သူ၏ လက္ခဏာများ၊ ရုပ်/သံ–(၃) ဒေါ်ခင်ဆွေဝင်းက ဒို့ကျေးရွာဂျာနယ် အတွဲ(၄) အမှတ်(၈)ပါ အကြီးအမှူးဖြစ်စေတတ်သောတရား ဆောင်းပါး၊ အငယ်တန်းစာရေး ဒေါ်အမ်အောင်က ချစ်နိုင်(စိတ်ပညာ)၏ ရိုးရိုးကျင့်မြင့်မြင့်ကြံ စာအုပ်မှ ပေါင်းသင်းဆက်ဆံရေးဆောင်းပါးတို့ကို ဖတ်ကြားဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပ ချို့တဲ့ကျောင်းသားများ ထောက်ပံ့ကြေးပေး

စစ်ကိုင်းတိုင်း ဗန်းမောက်မြို့နယ်၏ ၂၀၀၇–၂၀၀၈ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မြို့နယ်ခန်းမ၌ မေ၂၈ရက်နံနက် ၈နာရီကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်နှင်းယဉ်က ကျောင်းအပ်နှံရေးနေ့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ချို့တဲ့ကျောင်းသားများအတွက် ကျောင်းစရိတ်ထောက်ပံ့ကြေး အလှူငွေများပေးအပ်ရာ ကျောင်းသား ၃၁၅ဦးအတွက် အလှူငွေကျပ် ၁၇၁၅၀၀၀ ကို ပေးအပ်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆည်နှင့် ရေတံခါးကြီးများက လယ်မြေဧက ၂ဒသမ ၆၄ သန်းကျော်ကို ရေပေးဝေနိုင်ပြီ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မမြရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

● ရွှေဖုံးမှ

ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားသို့ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဟင်္သာတခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊အရန်မီးသတ်တပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များမှအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွား၊ အေရိုးဗစ်အကအဖွဲ့များ၊ မင်္ဂလာစည်တော်အဖွဲ့နှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာ၌ ယနေ့ဖွင့်လှစ်သည့် မမြရေလှောင်တမံသည် ၁၉၈၈ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော် အစိုးရက တည်ဆောက်ပေးခဲ့သည့် ဆည်များ အနက်မှ အခု ၂၀၀ မြောက် ဆည်မြောင်းစီမံကိန်းဖြစ်ပြီး လယ်မြေဧက ၁၀၀၀၀ တွင် ဆောင်းသီးနှံ နွေစပါးတို့ကို သီးထပ်အဖြစ် စိုက်ပျိုးနိုင်မည်ဖြစ်၍ ဧရာဝတီတိုင်း၏ စိုက်ပျိုး စွမ်းအားကို မြှင့်တင်ပေးမည့် ရေလှောင်တမံဖြစ်သည့်အတွက် နိုင်ငံတော်နှင့် ဧရာဝတီတိုင်းအတွက် အထူးဂုဏ်ယူစရာကောင်းသော နေ့တစ်နေ့ဖြစ်ကြောင်း၊ **နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့်အမိမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး၊ အမျိုးသားစီးပွားရေးတောင့်တင်းခိုင်မာရေး၊ မိမိ၏နိုင်ငံသူ နိုင်ငံသားများအားလုံး လူနေမှုဘဝ မြင့်မားတိုးတက်နိုင်ရေးအတွက် နိုင်ငံရေး ဦးတည်ချက် (၄)ရပ်၊ စီးပွားရေး ဦးတည်ချက် (၄)ရပ်နှင့် လူမှုရေး ဦးတည်ချက်(၄)ရပ်ချမှတ်ပြီး နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်နေသည်နှင့်အညီ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်နေသည်ကိုလည်းတွေ့မြင်နေကြရပြီဖြစ်ကြောင်း၊ အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြသည်နှင့်အညီ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး**

လုပ်ငန်းစဉ်(၅)ရပ်စီမံကိန်းကြီးကိုချမှတ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ကျေးရွာများရေရရှိရေးနှင့် ကျေးရွာများ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ပေးခြင်းကြောင့်မြို့များသာမက ကျေးရွာများပါ အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်းဖွံ့ဖြိုးတိုးတက်မှုကွက်လပ်မကျန်ရအောင် အထူးဒေသကြီး (၂၄)ခု စီမံကိန်းနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကိုပါ ချမှတ်ကာ အလေးပေးဆောင်ရွက်ခဲ့သည့်အတွက်တစ်နိုင်ငံလုံးမျှတစွာအရှိန်အဟုန်ဖြင့်တိုးတက်နေပြီဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းတွင် ၂၂ခု၊ တနင်္သာရီတိုင်းတွင် တစ်ခု၊ ပဲခူးတိုင်းတွင် ၄၃ ခု၊ မကွေးတိုင်းတွင် ၃၇ခု၊ မန္တလေးတိုင်းတွင် ၄၈ခု၊ မွန်ပြည်နယ်တွင် ၁၀ခု၊ ရခိုင်ပြည်နယ်တွင် ငါးခု၊ ရန်ကုန်တိုင်းတွင် ၁၇ခု၊ ရှမ်းပြည်နယ်တွင် လေးခုနှင့် ဧရာဝတီတိုင်းတွင်ကိုးခု စုစုပေါင်း ၂၀၀ ပြည့် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ တစ်နိုင်ငံလုံးအနေဖြင့် ဆည်တမံ ရေရရှိရေးစီမံကိန်း၂၀၀ပြည့် တိုးတက်

ယခုကဲ့သို့ ဆည်ကြီးများ၊ ရေထိန်းတံခါးများ တည်ဆောက်ပေးခဲ့သည့်အတွက် နိုင်ငံတော်၏စပါးကျီဟု တင်စားသတ်မှတ်ထားသော ဧရာဝတီတိုင်းသည် ၂၀၀၄–၂၀၀၅ခုနှစ်တွင် မိုးစပါးဧက၃၄သိန်း၊ ၂၀၀၅–၂၀၀၆ခုနှစ်တွင် မိုးစပါးဧက၃၅သိန်းနှင့် ၂၀၀၆–၂၀၀၇ ခုနှစ်တွင် မိုးစပါးစိုက်ဧက၃၆သိန်းကျော် စိုက်ပျိုးနိုင်ခဲ့ပြီး လာမည့်၂၀၀၇–၂၀၀၈ခုနှစ်တွင် မိုးစပါးဧက ၃၇သိန်း

ကဏ္ဍ၊သားငါးကဏ္ဍအပြင် ချောင်းသာ၊ ငွေဆောင်စသည့် အပန်းဖြေစခန်းများကြောင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသည်လည်း တစ်ရှိန်ထိုး တိုးတက်နေပြီဖြစ်ကြောင်း။

ပျိုးထောင်ပေးလျက်ရှိ

ဤသို့ရရှိထားသော တိုးတက်မှုအရှိန်အဟုန်များကို ရေရှည်တည်တံ့အောင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုသိမ်၊ ဟင်္သာတနှင့် မအူပင်ဒေသများကို ဖွံ့ဖြိုးရေးအထူးဒေသများအဖြစ် သတ်မှတ်ပြီး တက္ကသိုလ်၊ကောလိပ်နှင့် ဆေးရုံကြီးများကို ထူထောင်ကာထူးချွန်ထက်မြက်ပြီး ကျန်းမာကြံ့ခိုင်သည့် လူ့အရင်းအမြစ်များကို ပျိုးထောင်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်နှင့် ဧရာဝတီတိုင်းတို့အပေါ် နိုင်ငံတော်က လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်များကို တုံ့ပြန်သောအားဖြင့် ဧရာဝတီတိုင်းသူ တိုင်းသားများအနေဖြင့် လယ်ယာကဏ္ဍ တိုးတက်ရေးအတွက် မြေရိုင်းနှင့်ရေအောက်မြေများကို တိုးချဲ့ဖော်ထုတ်ပြီး လယ်ယာမြေသစ်များ တိုးချဲ့စိုက်ပျိုးရေး တစ်ဧကအထွက်နှုန်း တိုးတက်ရေး၊ ဆန်စပါးအပြင် အဓိကသီးနှံ ၁၀မျိုးတွင် ပါဝင်သော ပဲအမျိုးမျိုး

အကုန်အကျခံပြီး တည်ဆောက်ပေးခဲ့သည့်အတွက် ဧရာဝတီတိုင်းအတွင်းရှိ လယ်မြေ ၂၉၇၄၂၁ ဧကကို ရေဘေးကာကွယ်ခြင်းနှင့်ရေပေးဝေခြင်းလုပ်ငန်းများဖြင့် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း။

လယ်ယာကဏ္ဍ စိုက်ပျိုးရေးအနေဖြင့် ပြီးခဲ့သည့် ၂၀၀၆–၂၀၀၇ခုနှစ်တွင် အဓိကသီးနှံဖြစ်သော မိုးစပါးဧက ၃၆ဒသမ ၆၇သိန်း၊ နွေစပါးဧက ၁၂ဒသမ ၃၇သိန်းနှင့် စပါးစုစုပေါင်းဧက ၄၉ဒသမ ၀၄သိန်းစိုက်ပျိုးနိုင်ခဲ့ပြီး စပါးတင်းသိန်း ၃၈၉၀ဒသမ ၅၂ ထွက်ရှိခဲ့ကြောင်း။

ဖွံ့ဖြိုးတိုးတက်လျက်ရှိ

နိုင်ငံတော်အနေဖြင့် ဧရာဝတီတိုင်းအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူ ၇ဒသမ၅ သန်းကျော်အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်မှု ကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် ဧရာဝတီတိုင်းသည်လည်း တစ်နှစ်ထက်တစ်နှစ် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေခြင်းဖြစ်ကြောင်း။

ဧရာဝတီတိုင်း၌မမြရေလှောင်တမံအပါအဝင်ရေထိန်းတံခါးများ၊ တာတမံများတည်ဆောက်ပေးမှုကြောင့် နွေစပါးအပါအဝင် သီးထပ်ဧကများ တိုးတက်လာပြီး နှစ်သီးမှ သုံးသီး စိုက်ဧက

အစဉ်အလေးထား

နိုင်ငံတော်၏ စီးပွားရေးတွင် လယ်ယာစိုက်ပျိုးရေး ကဏ္ဍသည် အဓိကကျသည့်အတွက် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် တောင်သူလယ်သမားများအတွက် စိုက်ပျိုးထုတ်လုပ်ရေးတွင် အရေးတကြီး လိုအပ်လျက်ရှိသည့် စိုက်ပျိုးရေရရှိရေးကို အစဉ်အလေးထား ဆောင်ရွက်ပေးရန် စဉ်ဆက်မပြတ် လမ်းညွှန်မှုရှိသည်နှင့်အညီ နိုင်ငံတော်၏ မိုးနည်းရေရှားဒေသများ ဖြစ်သည့် မြန်မာနိုင်ငံအထက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မြေပြင်အနေအထားပေါ် မူတည်၍ အကြီးစား၊ အလတ်စားနှင့် အငယ်စား ရေလှောင်တမံ စီမံကိန်းများ၊ မြစ်ရေတင် စီမံကိန်းများနှင့် မြေအောက်ရေရရှိရေး စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင်လည်း ရေလှောင်တမံစီမံကိန်းများ၊ ရေလွှဲဆည်စီမံကိန်းများ၊ ရေထိန်းတံခါးစီမံကိန်းများနှင့် စိုက်ပျိုးမြေများ ရေငန်ဝင်ရောက်ခြင်း၊ ရေလွှမ်းမိုးခြင်းမှ ကာကွယ်နိုင်စေရန် တာတမံနှင့် ရေနုတ်မြောင်းများကိုလည်း တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယနေ့ ဖွင့်လှစ်လိုက်သည့် မမြရေလှောင်တမံစီမံကိန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ဖွင့်လှစ်လိုက်သော၂၀၀ပြည့် ဆည်မြောင်းစီမံကိန်းဖြစ်သကဲ့သို့ ဧရာဝတီတိုင်းအနေဖြင့်လည်း ကိုးခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ကြောင်း၊ အလျဉ်းသင့်၍ ပြည်နယ်၊ တိုင်းအလိုက် ဖွင့်လှစ်ခဲ့သည့် ဆည်မြောင်းစီမံကိန်း အခြေအနေကို တင်ပြလိုကြောင်း၊ မြန်မာနိုင်ငံအတွင်း ပြည်နယ်၊ တိုင်းအလိုက် ဆည်မြောင်းလုပ်ငန်းများ အနေဖြင့် ယခု မမြရေလှောင်တမံအပါအဝင် ကယားပြည်နယ်တွင် နှစ်ခု၊ ကရင်ပြည်နယ်တွင် တစ်ခု၊ ချင်းပြည်နယ်တွင် တစ်ခု၊

အကောင်အထည်ဖော်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်အနေဖြင့် မိုးစပါး ၁၆သန်းကျော်၊ နွေစပါးသုံးသန်းကျော် စိုက်ပျိုးနိုင်ခဲ့ပြီး ၎င်းဧကများအနက်မှ ဆည်နှင့် ရေတံခါးကြီးများက လယ်မြေဧက ၂ဒသမ၆၄သန်းကျော်ကို ရေများပေးဝေ စိုက်ပျိုးနိုင်နေပြီဖြစ်ကြောင်း။

ဧရာဝတီတိုင်း အတွင်းတွင်လည်း နန်ကသူရေလှောင်တမံနှင့် ရေလွှဲဆည်၊ ကွန်ချောင်းရေလှောင်တမံ၊ ပန်းလှိုင်ရေထိန်းတံခါး၊ မဲဇလီရေထိန်းတံခါး၊ ဝါးတောရေထိန်းတံခါး၊ ထနီးရေထိန်းတံခါးတို့ကို တည်ဆောက်ပေးခဲ့သည့်အပြင် တည်ဆောက်ဆဲ ကညင်ရေလှောင်တမံစီမံကိန်း၊ မြစ်ရေတင်စီမံကိန်းများဖြစ်သည့် ကဇွန်းခုံ၊ ငပိဆိပ်၊ မြို့ကွင်းနှင့် ကျုံစုတ် စီမံကိန်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဖြစ်ထွန်းလာမည်

မမြရေလှောင်တမံစီမံကိန်းကို ဧရာဝတီတိုင်း မြန်အောင်မြို့နယ် အတွင်း ပုသိမ်–မုံရွာကားလမ်းမကြီးဘေး မျှင်ဝါးတောင်ကျေးရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခွဲခန့်အတွင်း မမြချောင်းပေါ်တွင် ရေလှောင်တမံတည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ မမြရေလှောင်တမံ စီမံကိန်းကို အောင်မြင်စွာ တည်ဆောက်ပြီးစီးခဲ့သည့်အတွက် မြန်အောင်မြို့နယ်အတွင်းရှိ လယ်မြေဧက၁၀၀၀၀ ကို ရေသွင်းစိုက်ပျိုးနိုင်မည့်အပြင် မမြချောင်း ဝဲယာရှိ လယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် အဆိုပါစီမံကိန်းကြောင့် ကီလိုဝပ် ၅၀၀ထုတ်လုပ်နိုင်မည့် အသေးစား ရေအားလျှပ်စစ် စီမံကိန်းကိုပါ ထည့်သွင်းဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် မမြရေလှောင်တမံပတ်ဝန်းကျင်ရှိ ကျေးရွာများကိုလည်း လျှပ်စစ်ဓာတ်အားပေးဝေနိုင်မည့်အပြင် ဒေသခံပြည်သူများ၏ တစ်ဦးချင်းဝင်ငွေတိုးတက်မှုနှင့် လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားလာမည့် အကျိုးတရားများ ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း။

ကျော်အောင် စိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နွေစပါးကိုလည်း ဧက၁၂သိန်း စိုက်ပျိုးနိုင်ခဲ့ပြီး ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကိုလည်း တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလျက် ရှိနေကြောင်း၊ မွေးမြူရေးကဏ္ဍတွင်လည်း ငါးကန်ဧက တစ်သိန်းတစ်သောင်းကျော်နှင့် ပုစွန်ကန် ဧက ငါးသောင်းခြောက်ထောင်ကျော် တိုးတက်ဖြစ်ပေါ်နေပြီး ဘဲ၊ဝက်နှင့် ဒေသကြက်အများဆုံး မွေးမြူလျက်ရှိနေကြောင်း။

တိုးတက်လာခဲ့

ဤကဲ့သို့ စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍများ တိုးတက်လာသည်နှင့်အမျှ ထွက်ရှိလာသည့် လယ်ယာ၊ သားငါး ထုတ်ကုန်များကို မြန်မြန်ဆန်ဆန်ဖြင့် ဈေးကွက်အရောက်တင်ပို့နိုင်ရေးအတွက်လည်း ယခင်က ရေလမ်းကိုသာ အဓိကအားထားသွားလာခဲ့ရသည့် ဧရာဝတီတိုင်းတွင် မြို့နယ်ချင်းဆက်သည့် မော်တော်ကားလမ်းမိုင်ပေါင်း ၁၂၈၁ မိုင်နှင့် မြစ်ကူးချောင်းကူးပေ ၁၈၀ အထက် တံတားကြီး ၄၃စင်းကိုလည်း တည်ဆောက်ပေးခဲ့ပြီးဖြစ်သည့်အတွက် ဧရာဝတီတိုင်းသားများသည် ရေလမ်းသာမက ကားလမ်းခရီးဖြင့် ရန်ကုန်တိုင်းနှင့် အခြားပြည်နယ်နှင့် တိုင်းများကို လွယ်လွယ်ကူကူ၊ မြန်မြန်ဆန်ဆန် သွားလာနိုင်ကြပြီး ကုန်စည်စီးဆင်းမှုသည်လည်း မြန်ဆန်သွက်လက်လာခဲ့သည့်အတွက်ဧရာဝတီတိုင်း၏ စီးပွားရေးသည် တစ်ဟုန်ထိုးတိုးတက်လာပြီး လူတစ်ဦးချင်းဝင်ငွေသည်လည်း တိုးတက်လာခဲ့သည်ကို မျက်မြင်တွေ့ရှိနေရပြီ ဖြစ်ကြောင်း၊ ထို့အပြင် ပုသိမ်မြို့တွင်လည်း နိုင်ငံတကာ အဆင့်မီလေယာဉ်ကွင်းကြီးကို ခံ့ညားထည်ဝါစွာ တည်ဆောက်ပေးခဲ့ပြီးလည်း ဖြစ်ကြောင်း။

ဧရာဝတီတိုင်း၏ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ဧရာဝတီတိုင်း၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအခြေအနေများသည်လည်း တိုးတက်ပြောင်းလဲလာပြီး လယ်ယာ

ဆီထွက် သီးနှံများ၊ဝါ၊ကြံ၊ပြောင်းသီးနှံများကို ပန်းတိုင်အထွက်တိုးရရှိအောင် အင်တိုက်အားတိုက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့အပြင် ဧရာဝတီတိုင်း၏ ရေမြေသဘာဝနှင့် ကိုက်ညီသော နှစ်ရှည်သီးပင်ဖြစ်သည့်ရော်ဘာ တိုးချဲ့စိုက်ပျိုးရေး၊ အမယ်သစ်သီးနှံဖြစ်သည့် ဂျက်ရိုဖာ ကြက်ဆူ စိုက်ပျိုးရေးကိုလည်း လျာထားချက်ထက်ကျော်လွန်အောင် စိုက်ပျိုးကြရန်လိုကြောင်း၊ အထူးသဖြင့် ရေနံအစားထိုး ဘိုင်အိုဒီဇယ် ထုတ်လုပ်နိုင်သည့် ခြစ်ည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးကိုလည်း သုံးနှစ်အတွင်း ဧကငါးသိန်း ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အင်တိုက်အားတိုက် စိုက်ပျိုးကြရန်အထူးမှာကြားလိုကြောင်း။

အင်တိုက်အားတိုက်

ဤကဲ့သို့ နိုင်ငံတော်နှင့် ဧရာဝတီတိုင်းအတွက် စိုက်ပျိုးရေးကဏ္ဍတွင် အထူးအကျိုးရှိစေမည့် ယခုဖွင့်လှစ်ပေးလိုက်သည့် မမြရေလှောင်တမံ စီမံကိန်းကြီးကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြသည့်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းအားလုံးအားအထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ဤရေလှောင်တမံကြီးရေရှည်တည်တံ့ခိုင်မြဲရေး၊ ဤရေလှောင်တမံမှရရှိသည့် ရေများကို အကျိုးရှိစွာ အသုံးပြုပြီး အင်တိုက်အားတိုက် ဆက်လက်ကြိုးပမ်း စိုက်ပျိုးသွားကြရန် ဒေသခံပြည်သူများအား မှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ဧရာဝတီတိုင်းအတွင်း ယခုကဲ့သို့ မမြရေလှောင်တမံအပါအဝင် ဆည်မြောင်းစီမံကိန်း ကိုးခုကို ငွေကျပ်သန်းပေါင်း ၁၉၁၃၈

များ ပိုမိုတိုးတက်လာခဲ့ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် ဤရေလှောင်တမံကြီးက ဒေသခံ တောင်သူလယ်သမားကြီးများနှင့် နယ်မြေလူထု၏ အကျိုးစီးပွားတိုးတက်ရေးအတွက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက် မြင့်မားလာအောင် အထောက်အကူပေးနိုင်တော့မည်ဖြစ်ပါကြောင်း၊စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာသည်နှင့်အညီ ထွက်ကုန်သီးနှံကူးသန်းရောင်းဝယ်မှုလုပ်ငန်းများလည်း စည်ပင်ဖွံ့ဖြိုးလာစေမည်ဖြစ်ကြောင်း။

နိုင်ငံ၏ စီးပွားရေးကဏ္ဍ၌ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံစီးပွားရေးလုပ်ငန်းကြီးအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံနှင့်အဝန်း ကြီးမားကျယ်ပြန့်ပြီး နိုင်ငံတော်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်နေထိုင်ကြသော ကျေးလက်နေ တောင်သူလယ်သမားများနှင့် ပြည်သူအများစု၏ အဓိကအသက်မွေးဝမ်းကျောင်းပြုသော ကုန်ထုတ်လုပ်ငန်းကြီး ဖြစ်သကဲ့သို့ နိုင်ငံ၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုတို့ကို အထောက်အကူပြုသည့်လုပ်ငန်းကြီးဖြစ်ကြောင်း။

ထို့ကြောင့် နယ်မြေဒေသအသီးသီး၌ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာရအောင် ရေရရှိရေး၊ ရေဘေးကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မပြတ်လမ်းညွှန်ပေးလျက်ရှိကြောင်း၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကလည်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

အကျိုးခံစားရမည်

ယခု ရေလှောင်တမံတည်ရှိသည့် ဒေသကျေးရွာအုပ်စုရှစ်ခုသည် ဆည်ရေမရမီက ပထမတစ်သီး မိုးစပါးဧက ၁၀၀၀၀ စိုက်ပျိုးပြီး ဒုတိယသီးနှံများ

စာမျက်နှာ ၁၁ ကော်လံ ၁

ဒေသခံများ မမြရေလှောင်တမံကိုမှီပြီး အလုပ်အကိုင်ဖွံ့ဖြိုးဝင်ငွေတိုး မိုးစပါး၊ နွေစပါးနှင့် မတ်ပဲသီးနှံများ အောင်မြင်စွာ တိုးချဲ့စိုက်ပျိုးနိုင်၍ ပီတိဖြစ် နီးစပ်ရာဒေသများ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် စီစဉ်ဆောင်ရွက်နေ

ကွင်းဆင်းလေ့လာရေးသားသူ – ကျော်စိန်၊ ဓာတ်ပုံ – အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရန်ကုန် ဇွန် ၇

နိုင်ငံတော်၏ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကသီးနှံများဖြစ်သည့် စပါး၊ ကြံ၊ ဝါနှင့် ပဲမျိုးစုံတို့ကို တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဆည်မြောင်းစီမံကိန်း ကြီး/ငယ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် ဧရာဝတီတိုင်း မြန်အောင်မြို့နယ် အတွင်းရှိ မမြရေလှောင်တမံ စီမံကိန်းမှာ တစ်ခုအပါအဝင်ဖြစ်ပြီး စီမံကိန်း အကောင်အထည်ဖော်ခဲ့ရာတွင် လုပ်ငန်းများ ပြီးမြောက်အောင်မြင်သည့်အလျောက် မမြရေလှောင်တမံဖွင့်ပွဲကို ဇွန် ၇ ရက်က သိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရောက်ရှိ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)မှ ဖိတ်ကြားချက်အရ မြန်မာ့အလင်းသတင်းအဖွဲ့သည် မမြရေလှောင်တမံ စီမံကိန်းရှိရာ ဧရာဝတီတိုင်း ဟင်္သာတခရိုင် မြန်အောင်မြို့နယ်အတွင်း ပုသိမ်–မုံရွာ ကားလမ်းမကြီးဘေး မျှင်ဝါးတောင်ကျေးရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာတွင်ရှိသော မမြရေလှောင်တမံသို့ ရောက်ရှိခဲ့ကြသည်။

ဒေသခံတွေပါ ပူးပေါင်း ပါဝင်မှုကြောင့် ဆည် ကြီးပြီးမြောက် သွားပြီဖြစ်ပါတယ်။ ရေသောက် စနစ်နဲ့ နီးတဲ့ ကျေးရွာတွေကို ရေလဲပေးရင်း လျှပ်စစ်အားလဲ ပေးဝေနိုင်ပါတယ်။

ဦးကျော်မြင့်လှိုင် (ညွှန်ကြားရေးမှူး)

မြန်မာ့အလင်းသတင်းအဖွဲ့သည် မမြရေလှောင်တမံ စီမံကိန်းတွင် ဦးဆောင် တာဝန်ယူလုပ်ကိုင်ခဲ့သော စီမံကိန်းညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်အား တွေ့ဆုံ၍ မေးမြန်းရာ ဦးကျော်မြင့်လှိုင်က မြန်မာ့အလင်းသတင်းအဖွဲ့အား ရှင်းလင်းပြောပြသည်။

"လောလောဆယ် အနေအထားနှင့်ဆိုရင် မမြရေလှောင်တမံထဲမှာ ရေဝင်အားလဲ ကောင်းပါတယ်။ ကျွန်တော်တို့ တမံရဲ့ တည်ဆောက်မှု၊ တည်တံ့ခိုင်ခံ့မှု အပိုင်းဟာလဲ အရည်အချင်း ပြည့်ဝမှု အပိုင်းနှင့် ပြီးစီးမှု၊ စစ်ဆေးမှုအပိုင်းမှာလဲ ဘာမျှ အားနည်းချက် မတွေ့ရှိရပါဘူး။ ရေလဲ စတင်သိုလှောင်နေပါပြီ။ မနှစ်ကတည်းက ရေသိုလှောင်ပါတယ်။

ယခု လောလောဆယ်အချိန်မှာ ရေအနက် ၇၅ ပေ ဆည်ကြီးထဲမှာ သိုလှောင်ထားပြီးဖြစ်ပါတယ်။ မမြရေလှောင်တမံ ရေထုတ်ပြွန်မှာ ထည့်သွင်းတပ်ဆင်ထားတဲ့ နှစ်ပေပိုက် နှစ်ပိုက်ကနေပြီး လျှပ်စစ်ဓာတ်အား ထုတ်ရန် ဒီဇိုင်းရေးဆွဲဆောင်ရွက်လျက်ရှိပြီးဖြစ်တဲ့အတွက် မမြဆည်ဒေသမှာ ရေနဲ့နီးစပ်တဲ့ နေရာလေးတွေမှာ ရေအားလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။

ကျွန်တော်တို့ဟာ ကျွန်တော်တို့ ဒီလောက် ပေသောင်းတစ်ထောင်ရှစ်ရာ ရှည်ပြီးတော့ အမြင့်ပေ ၁၅၀ ရှိတဲ့ ဆည်ကြီးကို တည်ဆောက်ပြီးစီး အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်သည့်အတွက် ကျွန်တော်တို့ရဲ့ အောင်မြင်မှုပန်းတိုင်တစ်ခုဖြစ်တယ်ဆိုတာ တင်ပြလိုပါတယ်။ လုပ်ခဲ့ကိုင်ခဲ့တဲ့ ဝန်ထမ်းအားလုံးကိုယ်စား ဒီနေရာမှာ ဆည်ကြီးတည်ဆောက်ခွင့်ရခဲ့တဲ့အတွက် ဒေသခံတွေအတွက် အထူးပဲ ဝမ်းသာပီတိဖြစ်ရပါတယ်။ ဒီဆည်ကြီး တည်ဆောက်ပေးခဲ့တဲ့ နိုင်ငံ့အကြီးအကဲများရဲ့ စေတနာဟာလဲ အင်မတန်ကြီးမားတယ်ဆိုတာ ထည့်သွင်းပြောကြားလိုပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

မြန်မာ့အလင်းအဖွဲ့သည် ဆည်ကြီးတာဝန်ယူ ကြီးကြပ်ဆောင်ရွက်ခဲ့သော တည်ဆောက်ရေး (၉)မှ ညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်အား တွေ့ဆုံမေးမြန်းပြီးနောက် မမြဆည်ဖွင့်လှစ်ပွဲသို့ တက်ရောက်ရန် ရောက်ရှိနေကြသော ဒေသခံပြည်သူများထဲမှ မျှင်ဝါးတောင်ကျေးရွာမှ တောင်သူကြီး ဦးတင်လှိုင်အား တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

မေး–ဦးတင်လှိုင် ဘာလုပ်ကိုင်ပါသလဲ။

ဖြေ–လယ်လုပ်ပါတယ်။ လယ် ၇ဒသမ ၈၉ ဧက လုပ်ပါတယ်။

အရင်တုန်းက ရေမရှိလို့ နွေစပါး မစိုက်ခဲ့ရပါဘူး။ အခု ဆည်ကြီးက ရေရတော့ နွေစပါးပါ စိုက်ပါတယ်။ အရင်ကလို ရေကြီးပြီး သီးနှံပျက်စီးတာတို့ မဖြစ်တော့လို့ ဝမ်းသာပါတယ်။

ဦးတင်လှိုင်(မျှင်ဝါးတောင်ကျေးရွာ)

မေး–စပါးစိုက်တာ နွေစပါးလား၊ မိုးစပါးလား။

ဖြေ–အရင်တုန်းက မိုးစပါးပဲ လုပ်ပါတယ်၊ အခုတော့ ဆည်ကြီးက ရေရတော့ နွေစပါးပါ လုပ်ပါတယ်။ အဲဒီတုန်းက ရေမရှိလို့ နွေစပါးမလုပ်ခဲ့ရပါဘူး။

မေး–စပါးစိုက်သလား၊ အခြားသီးနှံရော စိုက်ပါသေးလား။

ဖြေ–မတ်ပဲလဲ စိုက်ပါတယ်။

မေး–ဒီရွာမှာနေတာ ဘယ်လောက်ကြာပြီလဲ။

ဖြေ–၇၂ ခုနှစ်ကတည်းကပါ။

မေး–အရင်တုန်းက ဒီလို ဆည်ဆောက်ခဲ့တာရှိပါသလား။

ဖြေ–မရှိပါဘူး။ ဒီလို ဆည်ကြီးဆောက်တာ တွေ့ရတော့ အံ့သြသွားပါတယ်။ ဝမ်းလဲသာပါတယ်။ အရင်တုန်းက ဆည်မဆောက်ခင်က နွေမှာရေရှားပြီး အခက်အခဲ တွေ့ခဲ့ရပါတယ်။ မိုးကျတော့လဲ ရေတွေကြီးပြီး သီးနှံတွေ ပျက်စီး၊ အိမ်တွေ ရေထဲပါနှင့် ဒုက္ခတွေများ ကြုံခဲ့ရပါတယ်။ ယခုလို ဆည်ဆောက်တဲ့အချိန်က စပြီး ရေလဲ မကြီးတော့ပါဘူး။ အားလုံး အဆင်ပြေပြီး ရေကြီးသည်အထိ လုပ်ကိုင်လို့ရပါတယ်။ ဆည်ရေရလို့ တောင်သူတွေအားလုံး နွေစပါး စိုက်ကြပါတယ်။ ရေက မလိုတဲ့အခါ ပိတ်ထားလို့ရပါတယ်။ လိုတဲ့အခါ ဖွင့်ယူလို့ရပါ တယ်။ လယ်သမားတွေအားလုံး အဆင်ပြေကြပါတယ်။ နွေစပါး စိုက်တာ တစ်ယောက်ကို စပါးတင်း ၄၀–၅၀–၉၀ အထိ ရကြပါတယ်။

မေး–ဘာစပါးတွေ စိုက်ပါသလဲ။

ဖြေ–ရွှေမြန်မာတို့၊ ၇၄၇ တို့ စိုက်ပါတယ်။ အစိုးရက ထုတ်ပေးတဲ့ မျိုးစပါးတွေပါ။ ယခု လိုအပ်သော မျိုးစပါးပေးတာတွေကြောင့် အင်မတန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပါတယ်။ အရင်တုန်းက စိုက်ချင်တဲ့အချိန်မစိုက်ရ၊ လုပ်ချင်တဲ့အချိန်မလုပ်ရ၊ ယခုတော့ လယ်ကွင်းထဲမှာ နေရပြီး အိမ်ပြန်ချင်တဲ့ စိတ်တောင် မရှိပါဘူး။ ဝင်ငွေတွေလဲ တိုးလာတာကိုး။ အဲဒါ နိုင်ငံ ခေါင်းဆောင်များရဲ့ စေတနာကြောင့်ပါ"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။ ထို့နောက် တောင်သူတစ်ဦးအား တွေ့ဆုံမေးမြန်း ပြန်ပါသည်။

ဆည်မဖွင့်မီကတည်းက ရေပေးတော့ နွေစပါးစိုက်နိုင်လို့ တောင်သူများ အလွန်အမင်း ဝမ်းမြောက်ရပါတယ်။

ဦးသိန်းဝင်း(လက်ပံကွင်းကျေးရွာ)

မေး–နာမည် ဘယ်လိုခေါ်ပါသလဲ။ ဘယ်ရွာက ပါလဲ။

ဖြေ–အမည်က ဦးသိန်းဝင်းပါ။ လက်ပံကွင်းကျေးရွာမှာ နေပါတယ်။

မေး–အလုပ်အကိုင် ဘာလုပ်ပါသလဲ။

ဖြေ–လယ်လုပ်ပါတယ်၊ လယ် ၁၃ ဧက လုပ်ပါတယ်။

မေး–လယ်လုပ်တာ ဘယ်လောက်ကြာပါပြီလဲ။

ဖြေ–ကျွန်တော့်မိဘ လက်ထက်ကတည်းက အသက် ၂၀ မှာ ကျောင်းထွက်ပြီးနောက် ၂၄ နှစ် လယ်လုပ်ခဲ့ပါတယ်။

မေး–စပါးက ဘယ်ရာသီမှာ စိုက်ပါသလဲ။

ဖြေ–မိုးရော နွေပါ စိုက်ပါတယ်။ မမျှော်လင့်ဘဲနှင့် မမြရေလှောင်တမံ စီမံကိန်းကနေပြီးတော့ စောင့်စားနေတဲ့ တောင်သူတွေအဖို့ အမှတ်မထင်ဘဲနှင့် ဆည်မဖွင့်မီပင် ရေပေးတော့ နွေစပါးကိုပါ စိုက်လိုက်ရတဲ့အတွက် တောင်သူများအဖို့ အံ့သြဝမ်းမြောက်ဖွယ်ရာ ထူးကဲစွာသော လယ်ကွင်းကြီးတွေ တွေ့မြင်လိုက်ရတော့ အံ့မဆုံးဖြစ်ရပါတယ်။ အခုလိုအံ့မဆုံးအောင် တွေ့မြင်ရတဲ့အတွက် နိုင်ငံတော်တည်ဆောက်ရေးမှာ တာဝန်ယူ ထမ်းဆောင်နေတဲ့ နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာနရှိ တာဝန်ရှိလူကြီးများကို တောင်သူများက ဝမ်းမြောက်ဝမ်းသာရှိကြောင်း ပြောလိုပါတယ်။

မေး–မမြရေလှောင်တမံမှ ဆည်ရေဖြင့် ရေအားလျှပ်စစ်ပေးမယ်လို့ သိရပါတယ်။ ဦးကြီးတို့လဲ ကြားမှာပေါ့။

ဖြေ–မမြ ရေလှောင်တမံ စီမံကိန်း လက်ယာတူးမြောင်းကနေ ပြီးတော့ စပြီးဆင်နေတဲ့ လျှပ်စစ်ကို တောင်သူများ မကြာမီရမယ်လို့ မျှော်လင့်ပြီး ပီတိဖြစ်နေကြပါတယ်။ ဝမ်းသာပီတိဖြစ်နေပါတယ်။ အခုလို နိုင်ငံတော်အစိုးရက မမြရေလှောင်တမံစီမံကိန်းမှ ရေကို မှီခို အားထားရတာကြောင့် နံပါတ်(၁)ဖြစ်တဲ့ သီးနှံများဖြစ်တဲ့ မိုးစပါး၊ မတ်ပဲ၊ နွေစပါးသီးနှံသုံးမျိုးတို့ကို ခံစားပြီးတော့ ဒုတိယအစီအစဉ်ဖြစ်တဲ့ လျှပ်စစ်မီးရရှိမှာကို မျှော်လင့်စောင့်စားနေကြပါတယ်။ သုံးသီးကို အောင်မြင်အောင် စိုက်ပျိုးကြလျှင် နိုင်ငံတော်က ရည်မှန်းထားတဲ့ ဘာသာရေး၊ ပညာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုတွေ အောင်မြင်ဖြစ်ထွန်းလာမယ်လို့ ပြောပါသည်။

ငါးဘတ်ကျကျေးရွာမှ တောင်သူ ဦးအုန်းသန်းကလည်း အောက်ပါအတိုင်း ဖြေကြားခဲ့ပါသည်။

မေး–ဦးကြီးဘာတွေစိုက်ပျိုးပါသလဲ။

ဖြေ–စပါးငါးဧကလုပ်ပါတယ်။ နွေရော မိုးပါ စပါးစိုက်ပြီး မတ်ပဲလဲ စိုက်ပါတယ်။ ငါးဘတ်ကျကျေးရွာမှာ စိုက်ရေး ပျိုးရေး အဆင်ပြေတာကြောင့် ကျေးရွာသားအားလုံး ပျော်ရွှင်နေကြပါတယ်။ စပါးဆိုရင် နွေစပါး တင်း ၇၀၊ ၈၀ ရာခိုင်နှုန်း ထွက်လျက် အောင်မြင် ဖြစ်ထွန်းနေကြပါတယ်။ နောင်နှစ်တွင် တိုး၍ စိုက်ကြမှာပါ။ သဘော်ချောင်းဘက်မှာဆိုရင် တစ်ဧကကို တင်း ၁၀၀ နှုန်း ထွက်တာတွေ့ရှိရပါတယ်။ အခုလို စိုက်နိုင်ပျိုးနိုင်အောင် ဆည်ကြီးတည်ဆောက်ပေးတဲ့အတွက် အင်မတန်ပဲ ကျေးဇူးတင်ပါတယ်။ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြပါတယ်"ဟု ပြောသည်။

နွေစပါးက တစ်ဧကကို တင်း ၇၀၊ ၈၀ လောက် ထွက်ပါတယ်။ သဘော်ချောင်းရွာဘက်မှာ တစ်ဧက တင်း ၁၀၀ လောက်တောင် အထွက် တိုးနေတာ သိရလို့ ဝမ်းသာပီတိ ဖြစ်ရပါတယ်။

ဦးအုန်းသန်း(ငါးဘတ်ကျကျေးရွာ)

ဆက်လက်၍ ငှက်ကြီးကွင်းကျေးရွာမှ တောင်သူ ဦးချစ်လှိုင်အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

လျှပ်စစ်မီးပါပေးမယ်လို့ ဆိုတော့ အိပ်မက်တောင် မမက်ဖူးတာတွေ မြင်တွေ့ရတော့မှာ ဖြစ်ပါတယ်။

ဦးချစ်လှိုင် (ငှက်ကြီးကွင်းကျေးရွာ)

မေး–တောင်သူဆိုတော့ ဘာစိုက်သလဲ။

ဖြေ–မိုးစပါး၊ နွေစပါးနှင့် မတ်ပဲ စိုက်ပါတယ်။

မေး–နွေစပါးစိုက်တာရော အောင်မြင်ပါသလား။

ဖြေ–အောင်မြင်ပါတယ်၊ တစ်ဧက ၈၀ လောက် ထွက်ပါတယ်။

မေး–နွေစပါးစိုက်တာနှင့် မိုးစပါးစိုက်တာ ဘယ်ဟာ ပိုသဘောကျသလဲ။

ဖြေ–စပါးစိုက်တာဆိုရင် သဘောကျပါတယ်။ နွေစပါးရော၊ မိုးစပါးရော စိုက်ပါတယ်။ နွေရော မိုးပါ စပါးစိုက်ကြရတော့ ဝင်ငွေတိုးလို့ သဘောကျနေကြပါတယ်။

မေး–မမြဆည်က စိုက်ပျိုးရေးသာမက ရေအားလျှပ်စစ် ထုတ်ပေးမယ်လို့ ကြားရပါတယ်။

ဖြေ–ရေအားလျှပ်စစ် ပေးမယ်လို့ ကြားရတဲ့အတွက် ဝမ်းသာနေကြပါတယ်၊ စိတ်ချမ်းသာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မမြင်ဖူးတာတွေ မြင်ရတော့မှာ ဖြစ်လို့ပါ။ ဒီလို ဆည်ကြီးဖြစ်လာမယ်ဆိုတာ အိပ်မက်တောင် မမက်ဖူးဘူး၊ အခုတော့ အရမ်းဝမ်းသာပါတယ်။ သားစဉ်မြေးဆက် အကျိုးပြုမှာဆိုတော့ ဝမ်းသာတာပေါ့။ ဆည်ကြီး ကြာရှည်တည်တံ့ခိုင်မြဲဖို့ ကျွန်တော်တို့ တစ်တွေ ဝိုင်းဝန်းထိန်းသိမ်းကြရမှာ ဖြစ်ပါတယ်။ ဒါကြီးက ထမင်းအိုးကြီးပါ။ ဆည်ကြီးမဆောက်ခင်က လမ်းမရှိတော့ ကွေ့ကာ ကောက်ကာ သွားကြရတာ အခုတော့ အချိန်မကုန်ဘဲ လိုရာကို ခရီးပေါက်ရပါတယ်။ ဒေသကလူထုလဲ ဆည်ကြီးကိုမှီပြီး အလုပ်အကိုင်တွေ ဖွံ့ဖြိုး ဝင်ငွေတိုးလို့ ဝမ်းသာနေကြရပါပြီ"ဟု မြန်မာ့အလင်းသို့ ပြောကြားခဲ့ပေသည်။ ။ **(မြန်မာ့အလင်း)**

ဧရာဝတီတိုင်း ဟင်္သာတခရိုင် မြန်အောင်မြို့နယ် မျှင်ဝါးတောင်ရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာတွင် တည်ရှိပြီး လယ်မြေဧက ၁၀၀၀၀ကို ဆည်ရေပေးနိုင်မည့် မမြရေလှောင်တမံနှင့် ရေထိန်းမျှော်စင်တို့၏ မြင်ကွင်းအလှကို ဤသို့ တွေ့ရသည်။

တော်ကြပါတော့မျာ၊ သွားကြပါတော့မျာ

ငါးမင်းဆွေ

တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ကျွန်တော် ရေးသားသော ‘ကျွန်တော်တို့ မသေမီ’ စာမူကို ဖတ်ချင်သည်ဟုဆိုလာပါသည်။ ထိုစာမူကို ထုတ်ဝေခွင့်ရရန် ၂၀၀၃ ခုနှစ်တွင် သက်ဆိုင်ရာသို့ တင်ပြခဲ့သော်လည်း ထုတ်ဝေခွင့် မရခဲ့ပါ။ ကျွန်တော်သည် ‘ကျွန်တော်တို့ မသေမီ’ စာမူကို လူကြီးထံသို့ ပို့နိုင်ရန် စာအုပ်ဗီရိုထဲမှ ယူထုတ်လိုက်ပြီး ထိုစာမူကိုလှန်လှော၍ ဖတ်ရှုမိပါသည်။ စာမူ၏ တစ်နေရာသို့ အရောက်တွင် ၁၉၉၁ ခုနှစ်က ကျွန်တော်သတ္တိနည်းခဲ့သော၊ အတွေးအခေါ် အယူအဆ မှားယွင်းခဲ့သော အဖြစ်အပျက် တစ်ခုကို သေသေချာချာ ဖတ်ရှုမိပါတော့သည်။

၁၉၉၁ ခုနှစ် နှောင်းပိုင်းသို့ရောက်သောအခါ ကျိုက္ခမီမြို့တွင် ရဝတဥက္ကဋ္ဌ အပြောင်းအလဲလုပ်ရန် ဖြစ်လာသည်။ နယ်မြေခံ တပ်ရင်းနှင့် မိသားစုသဖွယ် ဝင်ထွက်သွားလာ စားသောက်နေသော ကျွန်တော်သည် ကျိုက္ခမီ ရဝတဥက္ကဋ္ဌလုပ်ရန် အခြေအနေဖြစ်ပေါ် လာခဲ့သည်။ ကျိုက္ခမီမြို့သည် ယခင်က ခရိုင်မြို့တစ်မြို့ဖြစ်ခဲ့သည်။ ပင်လယ်ဆိပ်ကမ်းမြို့ ဖြစ်ခြင်း၊ စီးပွားရေးကောင်းခြင်း၊ တန်ခိုးကြီး ရေလယ်ဘုရားရှိခြင်း တို့ကြောင့် ကျိုက္ခမီမြို့လေးတွင် ရဝတ ဥက္ကဋ္ဌလုပ်ရသည်ကို ဂုဏ်ယူဖွယ်ရာ တစ်ခုအဖြစ်လည်းကောင်း၊ အချို့ကတော့ အခွင့်အရေးတစ်ရပ်အဖြစ်လည်းကောင်း သတ်မှတ် ကြပါလိမ့်မည်။ သို့သော် ကျိုက္ခမီ ရဝတဥက္ကဋ္ဌတာဝန်ကို ကျွန်တော် မယူဖြစ်ခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် ထိုစဉ်က ကျိုက္ခမီနယ်တွင် လောင်းကစားနည်းမျိုးစုံကို ကျယ်ကျယ်ပြန့်ပြန့် လောင်းကစား နေကြချိန် ဖြစ်ပါသည်။ ကျွန်တော်သည် အနီထောင်ကစားခြင်း၊ ဖဲကစားခြင်း၊ ကြက်ပွဲ၊ နွားပွဲကစားခြင်းတို့ကို ပြုလုပ်သူတစ်ယောက် မဟုတ်ပါ။ ထိုကစားနည်းတို့ကိုလည်း မတတ်ကျွမ်းပါ။ သို့သော် ၁၉၈၅ ခုနှစ်တွင် ကျွန်တော်တို့ ကျိုက္ခမီနယ်သို့ ချဲထီလောင်း ကစားနည်း ရောက်လာသောအခါ ချဲထီလောင်းကစားခြင်းကို ကျွန်တော်ပြုလုပ်ခဲ့ပါသည်။ ချဲထိုးရုံတင်မက ၁၉၈၈ ခုနှစ်တွင် ချဲဒိုင်ပါ လုပ်ခဲ့ပါသည်။ ချဲထီလောင်းကစားခြင်းသည် လူလူချင်း တစ်ဦးနှင့် တစ်ဦးကို ထိခိုက်နစ်နာစေကြောင်း တွေ့လာရသည်။ ချဲထီလောင်းကစားခြင်းကြောင့် စီးပွားပျက်၊ ဘဝပျက်သွားသူများကို လည်း တွေ့လာရသည်။ ထို့ကြောင့် ကျွန်တော်သည် ချဲထီလောင်း ကစားခြင်းကို ၁၉၈၉ ခုနှစ်မှစ၍ စွန့်လွှတ်ခဲ့ပါသည်။ ချဲထီလောင်း ကစားခြင်းသည် လူအချင်းချင်း ဓာတ်တူသားစားကြခြင်းဖြစ်သည်ဟု ကျွန်တော်ထင်သည်။ ကျွန်တော် အရွံရှာဆုံးကတော့ အသုဘအိမ်၊ သေဆုံးသူ၏ အလောင်းနံဘေး၌ ညံညံစီစီနှင့် ဖဲဝိုင်းထောင် လောင်းကစားနေကြခြင်းဖြစ်သည်။ မိမိတစ်ရွာတည်းသား လူကြီး သူမ၊ ဆွေမျိုးသားချင်း၊ သူငယ်ချင်း မိတ်ဆွေဖြစ်သော သေဆုံးသူ အတွက် ဝမ်းနည်းပူဆွေးခြင်းမဖြစ်ကြဘဲ ထိုသူ၏ အလောင်း နံဘေး၌ ဖဲချပ်ကလေးကိုကြည့်ပြီး အော်ကြီးဟစ်ကျယ် ပျော်ပျော် ပါးပါး ဖဲကစားနေကြခြင်းသည် လူ့ယဉ်ကျေးမှုနှင့် လုံးဝ ဆန့်ကျင်နေပါသည်။ မြန်မာတို့၏အမျိုးဂုဏ်ကိုလည်း ထိခိုက်စေပါ သည်။ ထို့ကြောင့် ကျွန်တော် ရဝတဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင် ပါလျှင် အသုဘအိမ် ဖဲဝိုင်းထောင်တာကအစ၊ ချဲထီလောင်းကစား တာအဆုံး တားဆီးသွားရပါမည်။

ထို့ပြင် ကျိုက္ခမီဒေသရှိ အချို့သော NGO အဖွဲ့အစည်းလူကြီး များသည် လျှပ်စစ်မီးမှအစ အခြားလူမှုရေးကိစ္စများတွင် အထူး အခွင့်အရေး ယူထားကြသည်များ ရှိပါသည်။ ကျွန်တော် ကျိုက္ခမီ ရဝတဥက္ကဋ္ဌ တာဝန်ကိုယူရပါလျှင် ကျွန်တော့်အိမ်တွင်လည်း ထိုအခွင့် အရေးများ ယူမည်မဟုတ်ပါ။ ပြည်သူထက် အခွင့်အရေး ပိုယူထား ကြသောသူများကိုလည်း ထိုအခွင့်အရေးများ ဖြုတ်ပစ်ပါမည်။ ဤသို့ လောင်းကစားမှုများနှင့် အခွင့်အရေးပိုယူမှုများကို နှိမ်နင်းပြုပြင်ပါက မြို့ရွာမျက်နှာဖုံး ဂုဏ်သရေရှိသည်ဆိုသော လူကြီးများမှအစ လက်လုပ် လက်စား ခေါင်းရွက်ဗျပ်ထိုး ငါးစိမ်းသည်ပါမကျန် ကျွန်တော့်ကို မုန်းတီးရွံရှာကြပါလိမ့်မည်။ ကျွန်တော်၏ အတွင်းစိတ်ကိုသိသော ကျောင်းနေဖက်သူငယ်ချင်းများနှင့် ဆွေမျိုးသားချင်းတို့လောက် ကတော့ ကျွန်တော့်ကို နားလည်ပေးနိုင်ကြပါလိမ့်မည်။ သို့သော် ထိုသူများသည်လည်း မြို့ရွာတွင် အိမ်မြေကွက်သစ်များ ဖော်ထုတ် သောအခါ သူတို့မြေကွက်ရရှိရေးအတွက် ကျွန်တော့်ကို အကူအညီ တောင်းကြပါမည်။ ကျွန်တော်က အိမ်မဲ့၊ မြေမဲ့များနှင့် ဝင်ငွေနည်းသော လက်လုပ်လက်စားများကို ဦးစားပေးချထားပါက ကျွန်တော်၏ ဆွေမျိုးသားချင်းနှင့် ငယ်သူငယ်ချင်းများကပါ ကျွန်တော့်ကို လမ်းခွဲသွားကြပါဦးမည်။

ထိုစဉ်က ကျွန်တော်သည် BBC, VOA တို့ကို နေ့စဉ်လိုလို နားထောင်ပါသည်။ ထိုအသံလွှင့်ဌာနတို့၏ ဒီမိုကရေစီအရေး ထုတ်လွှင့်ချက်များအရ ဒီမိုကရေစီအုပ်ချုပ်ရေးဆိုသည်မှာ ပြည်သူ တို့၏ ဆန္ဒသဘောထားအတိုင်း အုပ်ချုပ်ရသည်ဟု ကျွန်တော် နားလည်ခဲ့ရပါသည်။ ထို့ကြောင့် ကျိုက္ခမီလူထုက မုန်းတီးပြီး သူတို့သဘောထားဆန္ဒကို ဆန့်ကျင်၍လည်းကောင်း၊ ကျိုက္ခမီ လူထုက ရွေးကောက်တင်မြှောက်ခြင်း မဟုတ်သည့် အုပ်ချုပ်သူ တစ်ဦးအနေဖြင့်လည်းကောင်း ကျိုက္ခမီမြို့ အုပ်ချုပ်ရေးကို ကျွန်တော် မလုပ်လိုပါ။ ကျွန်တော်သည် ကျိုက္ခမီသားတို့၏ အကျိုးစီးပွားထက် ဒီမိုကရေစီသဘောတရားရေးရာကို ဦးစားပေးခဲ့ပါသည်။ နောက်ပိုင်း ရောက်သောအခါ ကျွန်တော်သည် တပ်မတော်အစိုးရနှင့် လက်တွဲပြီး ကျိုက္ခမီသားတို့၏ အကျိုးစီးပွားကို မဆောင်ရွက်မိခဲ့ခြင်းမှာ အလွန်မှားယွင်းကြောင်း တွေ့မြင်ခံစားလာရပါသည်။ ကျွန်တော်သည် မိမိမွေးဖွားကြီးပြင်းခဲ့သော ဇာတိမြေအပေါ် တာဝန်မကျေခဲ့သော၊ သူရဲဘောကြောင်သော ခပ်ညံ့ညံ့လူတစ်ဦးဖြစ်ကြောင်း သိရှိလာရပါ သည်။ ထို့ကြောင့် ကျွန်တော်၏အမှားများမှ ဒီမိုကရေစီအရေးထက် အမျိုးသားအကျိုးစီးပွားကို ပို၍ဦးစားပေးသင့်ကြောင်း သင်ခန်းစာ ရရှိခဲ့ပြီး ယနေ့အမျိုးသား အကျိုးစီးပွားကို လုပ်ဆောင်နေသော တပ်မတော်အစိုးရအပေါ် အတိုက်အခံပြုလုပ်နေသူတို့ကို တပ်မတော် အစိုးရနှင့်လက်တွဲပြီး အမျိုးသားအကျိုးစီးပွားအတွက် လုပ်ဆောင် ကြပါဟု သတင်းစာများတွင် ကျွန်တော်ရေးသားခဲ့ရခြင်း ဖြစ်ပါသည်။

၂၀၀၇ ခု မေလတွင် အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအား စီးပွားရေး ပိတ်ဆို့ထားခြင်းကို သက်တမ်းတစ်နှစ် ထပ်တိုးလိုက် သည်ကို ခင်မင်လေးစားအပ်ပါသော မြန်မာလူထုစာဖတ်ပရိသတ်များ ကြားသိကြပါလိမ့်မည်။ ၈၈မျိုးဆက်ကျောင်းသားဆိုသူ ကိုကိုကြီးက အမေရိကန်နိုင်ငံက မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့ခြင်းကြောင့် အမေရိကန်လည်း ထိခိုက်နစ်နာပါသည်။ အမေရိကန်သည် မြန်မာ့ ဒီမိုကရေစီရေးအတွက် သူ့အကျိုးစီးပွားကိုပင် ထိခိုက်နစ်နာခံပြီး လုပ်ပေးနေသည်ဟု အမေရိကန်အား ကိုကိုကြီးက ကျေးဇူးတင်စကား ပြောကြားသွားပါသည်။ ကိုကိုကြီးပြောစကားကို ကြားရသောအခါ ၈၈မျိုးဆက်ကျောင်းသားဆိုသူတွေဟာ ပညာဗဟုသုတနည်းပါးတာ လား၊ ဒါမှမဟုတ် ပြည်ပနိုင်ငံအချို့၏ သွေးထိုး လှုံ့ဆော်ပေးမှုကြောင့် အမှန်ကိုမမြင်နိုင်လေရော့သလားဟု ကျွန်တော် တွေးထင်မိပါသည်။

အမေရိကန်ဆိုသည်မှာ အမေရိကန်၏ အမျိုးသားအကျိုးစီးပွား ကိုသာ အဓိကထားပါသည်။ အမေရိကန်က ဗီယက်နမ်ကို ကျူးကျော် တိုက်ခိုက်ခဲ့ခြင်းသည် အမေရိကန်၏ အမျိုးသားအကျိုးစီးပွားအတွက် သာ ဖြစ်ပါသည်။ ယခု အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်နေခြင်း သည်လည်း အမေရိကန်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်ရန် အတွက်သာဖြစ်ပါသည်။ အမေရိကန်သည် မိမိ၏အမျိုးသား အကျိုး စီးပွားမရှိဘဲ ဘာမျှမလုပ်ရန် အမေရိကန်ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေက တားမြစ်ထားပြီး ဖြစ်ပါသည်။ ယနေ့အမေရိကန်က မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့နေခြင်းသည်လည်း အမေရိကန်၏ အမျိုးသားအကျိုး စီးပွားအတွက်သာဖြစ်ပါသည်။ မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့ ခြင်းကြောင့် အမေရိကန်၏ ထိခိုက်နစ်နာမှု ဆိုသည်မှာ သူတို့အဖို့ မပြောပလောက်သော ကိန်းဂဏန်းမျှသာဖြစ်ပါသည်။ မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့ခြင်းကြောင့် အမေရိကန်၏ ထိခိုက်နစ်နာမှုသည် အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခြင်းကြောင့် ကုန်ကျ ရသော စစ်စရိတ်၏ အစွန်းထွက်ဂဏန်းမျှပင် ရှိမည်မဟုတ်ပါ။ အမေရိကန်က မြန်မာ့နိုင်ငံရေး အတိုက်အခံများကို စွန့်ကြဲ ထောက်ပံ့ ပေးကမ်းနေသော ဒေါ်လာငွေသည်လည်း အီရတ်နိုင်ငံတွင် ပျက်ကျ သွားသော စစ်ရဟတ်ယာဉ်တစ်စင်းဖိုးမျှပင် ရှိမည်မဟုတ်ပါ။

အမေရိကန်က မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့ထားခြင်းသည် မြန်မာနိုင်ငံကို စစ်တိုက်နေခြင်းဖြစ်ပါသည်။ သို့သော် အလွန် နည်းပါးလှသော စစ်အသုံးစရိတ်ဖြင့် မြန်မာနိုင်ငံကို အမေရိကန်တို့က စစ်ဆင်တိုက်ခိုက်နေခြင်းဖြစ်သည်။ အမေရိကန်တို့ အလွန်တန်ဖိုး ထားသော အမေရိကန်စစ်သား တစ်ဦးတလေမျှ အကျအဆုံးမရှိဘဲ အသားထဲက လောက်ထွက်သော အမျိုးသားသစ္စာဖောက်တို့၏ ကူညီအားပေးမှုဖြင့် အမေရိကန်က မြန်မာနိုင်ငံကို အကုန်အကျ သက်သာစွာ စစ်တိုက်နေခြင်း ဖြစ်သည်။ အမေရိကန်သည် မြန်မာ နိုင်ငံအပေါ်သို့ ဗုံးကြဲလေယာဉ်များဖြင့် ဗုံးကြဲချခြင်း မပြုလုပ်ရဘဲ မြန်မာနိုင်ငံမှ အထည်ချုပ်စက်ရုံတို့၏ လုပ်ငန်းများ ရပ်ဆိုင်းပျက်စီး ခဲ့ရပါသည်။

ကျွန်တော်တို့သည် စစ်ကိုမလိုလားပါ။ သို့သော် ကျွန်တော်တို့ မြန်မာနိုင်ငံကို ကျူးကျော်တိုက်ခိုက်လာလျှင်ကား ရဲရဲတောက်သော မြန်မာ့သွေးတို့သည် ရန်သူကို ဒူးထောက်လက်မြှောက် အညံ့ခံ အရှုံးပေးကြမည် မဟုတ်ဘဲ ရင်ကိုမြေကတုတ်လုပ်ကာ ရန်သူကို

အမေရိကန်က မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့ထားခြင်းသည် မြန်မာနိုင်ငံကို စစ်တိုက်နေခြင်းဖြစ်ပါသည်။ သို့သော် အလွန်နည်းပါးလှသော စစ်အသုံးစရိတ်ဖြင့် မြန်မာနိုင်ငံကို အမေရိကန်တို့က စစ်ဆင်တိုက်ခိုက်နေခြင်း ဖြစ်သည်။ အမေရိကန်တို့ အလွန်တန်ဖိုးထားသော အမေရိကန်စစ်သား တစ်ဦးတလေမျှ အကျအဆုံးမရှိဘဲ အသားထဲက လောက်ထွက်သော အမျိုးသားသစ္စာဖောက်တို့၏ ကူညီအားပေးမှုဖြင့် အမေရိကန်က မြန်မာနိုင်ငံကို အကုန်အကျသက်သာစွာ စစ်တိုက်နေခြင်း ဖြစ်သည်။ အမေရိကန်သည် မြန်မာနိုင်ငံအပေါ်သို့ ဗုံးကြဲလေယာဉ်များဖြင့် ဗုံးကြဲချခြင်းမပြုလုပ်ရဘဲ မြန်မာနိုင်ငံမှ အထည်ချုပ်စက်ရုံတို့၏ လုပ်ငန်းများ ရပ်ဆိုင်းပျက်စီးခဲ့ရပါသည်။

ခုခံတွန်းလှန်သွားမည်ဖြစ်ပါသည်။ မြန်မာလူမျိုးဆိုသည်မှာ ကြက်ဆင်သားစားရမှ စစ်တိုက်နိုင်သော လူမျိုးမဟုတ်၊ ထမင်းခြောက်ကိုဝါးပြီး သစ်ဥသစ်ဖု တူးစားကာ စစ်တိုက်နိုင်သောလူမျိုးဖြစ်သည်။ မြန်မာတို့သည် ဒူပေနာပေခံနိုင်သော ထုလေမာလေ လူမျိုးဖြစ်သည်။ ထို့ကြောင့် အမေရိကန်နှင့် အပေါင်းပါတို့၏ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ပြီး မြန်မာနိုင်ငံကို စစ်တိုက်နေခြင်းသည် ဘယ်သောအခါမျှ အောင်မြင်လိမ့်မည် မဟုတ်ပါ။

ဒေါ်စုကြည်နှင့် NLD တို့သည် တပ်မတော်အစိုးရ ပြုတ်ကျသွားစေရန် အမေရိကန်နှင့် အပေါင်းပါနိုင်ငံများက မြန်မာနိုင်ငံအား စီးပွားရေး ပိတ်ဆို့ဒဏ်ခတ်ရန် တောင်းဆိုခဲ့ပါသည်။ ထိုသို့စီးပွားရေး ပိတ်ဆို့ ဒဏ်ခတ်ခြင်းကြောင့် တပ်မတော်အစိုးရ ပြုတ်ကျမသွားဘဲ ပြည်သူလူထုသာ အထိနာခဲ့ရပါသည်။ လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းသည် နယ်ချဲ့ကိုတိုက်ထုတ်ရန် ဖက်ဆစ်ကို ခေါ်လာခဲ့ပါသည်။ ဖက်ဆစ်တို့ကြောင့် ပြည်သူလူထုထိခိုက်နစ်နာလာရသော အခါ ဖခင်ဗိုလ်ချုပ်သည် သူ့အမှားကိုပြင်ခဲ့ပြီး ဖက်ဆစ်ကို တော်လှန်ခဲ့ပါသည်။

တပ်မတော်အစိုးရသည် လူမျိုးခြား နယ်ချဲ့အစိုးရမဟုတ်ပါ။ တပ်မတော်သားတို့သည် မြန်မာနိုင်ငံသားများ ဖြစ်ကြပါသည်။ တပ်မတော်သားတို့သည် ငါ့နိုင်ငံတော်၊ ငါ့လူမျိုးအတွက် ငါ၏အသက်ကို စွန့်လွှတ်ပါမည်ဟု သစ္စာဓိဋ္ဌာန်ပြုထားကြသူများဖြစ်သည်။ ယနေ့ တပ်မတော်အစိုးရသည် အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားပြီး ဆောင်ရွက်နေသော မြန်မာအမျိုးသားအစိုးရဖြစ်သည်။ အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက်နေသော မြန်မာအမျိုးသားအစိုးရတစ်ရပ်ကို ပြုတ်ကျစေရန် ဒေါ်စုကြည်နှင့် NLD တို့သည် အမေရိကန်နှင့် အပေါင်းပါတို့က စီးပွားရေးနည်းဖြင့် မြန်မာနိုင်ငံအား စစ်တိုက်စေရန် တောင်းဆိုဆောင်ရွက်ခဲ့သည်။ ဤသို့ တိုက်ခိုက်ခံရခြင်းကြောင့် ယခုအခါ မြန်မာပြည်သူလူထုသာ ထိခိုက်နစ်နာနေရသည်ကို ဒေါ်စုကြည်နှင့် NLD တို့ ကောင်းစွာသိရှိကြပါသည်။ ထို့ကြောင့် ဒေါ်စုကြည်နှင့် NLD တို့သည် ဖခင်ဗိုလ်ချုပ်ကဲ့သို့ မိမိအမှားကို ပြင်ဆင်ပြီး မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ထားခြင်းကို ချက်ချင်းရုပ်သိမ်းပေးရန် အမေရိကန်နှင့် အပေါင်းပါတို့အား တောင်းဆိုရပါမည်။ ဒေါ်စုကြည်နှင့် NLD တို့သာ မြန်မာပြည်သူလူထု၏ အကျိုးစီးပွားဘက်မှ ရပ်တည်လိုက်ပါက အမေရိကန်နှင့်အပေါင်းပါတို့၏ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်စစ်တိုက်နေခြင်းသည် ပြီးဆုံးသွားပါလိမ့်မည်။

မြန်မာနိုင်ငံသည် ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ငါး၊ ပုစွန်တင်ပို့ခြင်းမှ ဒေါ်လာသန်း ၄၆၀ ရရှိခဲ့ပါသည်။ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ငါး၊ပုစွန်တင်ပို့ခြင်းမှ ဒေါ်လာငွေသန်း ၇၅၀ ရရှိရန် ရည်မှန်းဆောင်ရွက်နေပါသည်။ အကယ်၍သာ အမေရိကန်နှင့် E.U နိုင်ငံများက မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့မှုမပြုလုပ်ပါက ငါး၊ ပုစွန်ပို့ကုန်တစ်မယ်တည်းမှ ဒေါ်လာငွေသန်း ၁၀၀၀ ခန့် ရရှိနိုင်ပါသည်။ ဆိုလိုသည်မှာ အမေရိကန်နှင့် E.U နိုင်ငံတို့က မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့မှု မပြုလုပ်ပါက ငါး၊ ပုစွန်ပို့ကုန်တစ်မယ်တည်းမှပင် ဒေါ်လာသန်း ၂၀၀ ကျော် ထပ်မံ ရရှိလာပါမည်။ ဤသည်မှာ လက်ရှိအခြေအနေတွင် ဖြစ်နိုင်ခြေ အရှိဆုံးကို လျှော့ပေါ့တွက်ထားခြင်း ဖြစ်ပါသည်။ အမေရိကန်နှင့် E.U နိုင်ငံတို့မှ စီးပွားရေးပိတ်ဆို့ခြင်း မပြုလုပ်ပါက နောင်လာမည့် နှစ်များတွင် ငါး၊ ပုစွန် ပို့ကုန်တစ်မယ်တည်းမှ တစ်နှစ်ဒေါ်လာသန်းနှစ်ထောင်ရအောင် လုပ်ပါဆိုလျှင်လည်း ခဲယဉ်းမည်မဟုတ်ပါ။

၂၀၀၀ ပြည့်နှစ်အထက် မော်ဒယ်ကိုရိုလာဗင်(ဖင်ကောက်) တစ်စီးသည် မြန်မာနိုင်ငံဆိပ်ကမ်းအရောက် ဒေါ်လာ ၁၄၀၀ ခန့်သာ ကျပါသည်။ ထို့ကြောင့် ဒေါ်လာသန်း ၂၀၀ ဆိုပါက ဖင်ကောက်ဗင်ကားအစီး တစ်သိန်းငါးသောင်း တင်သွင်းလို့ရပါသည်။ ထိုသို့ တင်သွင်းနိုင်ပါလျှင် မော်တော်ယာဉ်တစ်စီးကို မြန်မာနိုင်ငံသားတို့သည် ယခုဈေးထက် များစွာသက်သာလျော့နည်းစွာ ဝယ်ယူသုံးစွဲနိုင်ခွင့်ရကြပါလိမ့်မည်။ အမေရိကန်နှင့် E.U နိုင်ငံတို့ စီးပွားရေးပိတ်ဆို့ထားခြင်းကြောင့် နိုင်ငံတော်အစိုးရသည် ရရှိလာသော နိုင်ငံခြားသုံးငွေတို့ကို စိစစ်ချွေတာပြီး မော်တော်ကား တင်သွင်းရေးထက် ပို၍အရေးကြီးသောကဏ္ဍများတွင် ဦးစားပေးသုံးစွဲနေရပါသည်။ ထို့ကြောင့် သိန်းနှစ်ဆယ်ကျော် သုံးဆယ်ခန့်သာ တန်ဖိုးရှိသော ဖင်ကောက်ဗင်ကားတစ်စီးသည် ယနေ့မြန်မာနိုင်ငံတွင် သိန်းတစ်ထောင်ဖြစ်နေပါသည်။ အကယ်၍သာ အမေရိကန်နှင့် E.U နိုင်ငံတို့က မြန်မာနိုင်ငံအား စီးပွားရေးပိတ်ဆို့ထားမှုကို ရုပ်သိမ်းလိုက်ပါက မြန်မာနိုင်ငံ၏ ပို့ကုန်များမှ နိုင်ငံခြားငွေအမြောက်အမြား ထပ်မံရရှိလာပြီး မြန်မာပြည်သူလူထု လိုအပ်နေသော မော်တော်ကားများကို လိုအပ်ချက်နှင့်အညီ တင်သွင်းလာနိုင်မည်ဖြစ်ပါသည်။ ထိုအခါ မြန်မာနိုင်ငံသားတို့သည် နောက်ဆုံးပေါ် ကားများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်စီးလာနိုင်ကြပါမည်။

ကျွန်တော်က ညီလေး မင်းကိုနိုင်ရေ၊ ဒို့နိုင်ငံမှာ ကားတစ်စီးသိန်းငါးရာ၊ တစ်ထောင်ဖြစ်နေတော့ အစ်ကိုတို့လို တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းရှင်လေးတွေလည်း ကားဝယ်မစီးနိုင်ကြတော့ဘဲ လိုင်းကားပဲ တိုးစီးနေရတယ်။ အစ်ကိုတို့တောင် ဒီလိုဆိုလျှင် လက်လုပ်လက်စား အခြေခံလူတန်းစားတွေ ဘယ်လောက် ဒုက္ခရောက်နေကြမယ်ဆိုတာကို နားလည်ကြဖို့၊ သိကြဖို့၊ ကိုယ်ချင်းစာကြဖို့ကောင်းပြီ။ ဒါကြောင့် ဟိုဟာ ဒီဟာတွေ ခဏဘေးဖယ်ထားပြီး၊ ဒို့တစ်တွေ မဖြစ်မနေ ညီညွတ်ကြရအောင်ဟု မင်းကိုနိုင်ကို နားချရေးသားခဲ့ဖူးပါသည်။ သို့သော် မင်းကိုနိုင်သည် နားဝင်ပုံ မရပါ။ မင်းကိုနိုင်သည် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့ကို အနှစ် ၂၀ နီးပါး ဒုက္ခပေးခဲ့သော ဒေါ်စုကြည်၏ အရိုက်အရာကို ဆက်ခံမည့်သူအဖြစ် တဖြည်းဖြည်း ရုပ်လုံးပေါ်လာသည်ကိုလည်း တွေ့မြင်လာရပါသည်။

ဒေါ်စုကြည်အားလည်း တစ်ပါတီစနစ်ကျင့်သုံးတဲ့ တရုတ်နိုင်ငံတို့၊ ဗီယက်နမ်နိုင်ငံတို့တွင် ဘာနိုင်ငံရေး ပြဿနာမျှမရှိလို့ ဖွံ့ဖြိုးတိုးတက်ကုန်ကြပါပြီ။ မြန်မာနိုင်ငံမှာကျတော့ မစုလုပ်ခဲ့တဲ့ နိုင်ငံရေးပြဿနာတွေ ရှိနေတာကြောင့် စီးပွားရေး ပိတ်ဆို့ခံနေရပါသည်။ မစုယူလာတဲ့ ချည်ခင်ရှုပ်ကြီးကို မရှင်းနိုင်တဲ့အတွက် ကျွန်တော်တို့တစ်တွေ သူများနောက် ရောက်ကုန်ကြပါပြီ။ ဒါကြောင့် မစုဟာ နိုင်ငံနှင့် လူမျိုးကို ချမ်းသာကောင်းစားစေချင်တယ်ဆိုပါလျှင် မစုရဲ့ အရှင်းရခက်လှတဲ့ 'အမယ်စု ချည်ခင်ရှုပ်ကြီး'ကို စွန့်ပစ်လိုက်ပါတော့လို့ အကြံပြုရေးသားခဲ့ပါသည်။ သို့သော် ဒေါ်စုကြည်သည်လည်း 'အမယ်စု ချည်ခင်ရှုပ်ကြီး'ကို ယနေ့အထိ ဖက်တွယ်ထားဆဲဖြစ်ပုံရပါသည်။

ယနေ့ ကျွန်တော်တို့ မြန်မာပြည်သူလူထု အခက်အခဲ အကျပ်အတည်းမျိုးစုံ ရင်ဆိုင်နေရချိန်တွင် NLD နှင့် ၈၈ မျိုးဆက်ကျောင်းသားဆိုသူများသည် ခုတလော ဟိုရုတ်ရုတ် ဒီရုတ်ရုတ်လုပ်ပြီး နိုင်ငံတော်၏ အခြေအနေကို ရှုပ်သထက်ရှုပ်၊ ဆိုးသထက်ဆိုးအောင် လုပ်ဆောင်နေကြသည်ကို ဝမ်းနည်းဖွယ်ရာ ကြားသိနေရပါသည်။ ယခုလို နိုင်ငံတော်ကြီးကို ပြန်လည်ထူထောင်ချိန်တွင် ညီညီညွတ်ညွတ် လုပ်ကြဖို့ ကျွန်တော် အကြိမ်ကြိမ် ရေးခဲ့ပြီးပါပြီ။ နောက်ဆုံး ဒေါ်စုကြည်၏ ဖခင်လည်းဖြစ်၊ ကျွန်တော်တို့ မြန်မာနိုင်ငံသား အားလုံးတို့၏ ဖခင်ကြီးလည်းဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၏ ဆိုဆုံးမစကားတွေကို ရေးသားပြီး နားချခဲ့ပါသည်။ ဒါလည်း သဘောမပေါက် ကြသေးပါ၊ မညီညွတ်ချင်ကြသေးပါ။ ကျွန်တော် ငါးမင်းဆွေလည်း နားချစည်းရုံး ရေးသားနေရတာ စိတ်မရှည်ချင်တော့ပါ။ ဒါကြောင့် နိုင်ငံနှင့်လူမျိုးကို နစ်သထက်နစ်အောင် လုပ်ဆောင်နေကြသော ဒေါ်စုကြည်၊ NLD မှ ပုဂ္ဂိုလ်များနှင့် ၈၈ ကျောင်းသားဆိုသူများထံ ကိုယ်တိုင်သွားရောက်ပြီး **'တော်ကြပါတော့ဗျာ၊ သွားကြပါတော့ဗျာ'** ဟု အသံကုန်ဟစ်အော်လိုက်ချင်ပါတော့သည်။ ။

ဒေါ်စုကြည်အားလည်း တစ်ပါတီစနစ်ကျင့်သုံးတဲ့ တရုတ်နိုင်ငံတို့၊ ဗီယက်နမ်နိုင်ငံတို့တွင် ဘာနိုင်ငံရေး ပြဿနာမျှမရှိလို့ ဖွံ့ဖြိုးတိုးတက်ကုန်ကြပါပြီ။ မြန်မာနိုင်ငံမှာကျတော့ မစုလုပ်ခဲ့တဲ့ နိုင်ငံရေးပြဿနာတွေ ရှိနေတာကြောင့် စီးပွားရေး ပိတ်ဆို့ခံနေရပါသည်။ မစုယူလာတဲ့ ချည်ခင်ရှုပ်ကြီးကို မရှင်းနိုင်တဲ့အတွက် ကျွန်တော်တို့တစ်တွေ သူများနောက် ရောက်ကုန်ကြပါပြီ။ ဒါကြောင့် မစုဟာ နိုင်ငံနှင့်လူမျိုးကို ချမ်းသာကောင်းစားစေချင်တယ် ဆိုပါလျှင် မစုရဲ့ အရှင်းရခက်လှတဲ့ 'အမယ်စုချည်ခင်ရှုပ်ကြီး' ကို စွန့်ပစ်လိုက်ပါတော့လို့ အကြံပြုရေးသားခဲ့ပါသည်။ သို့သော် ဒေါ်စုကြည်သည်လည်း 'အမယ်စု ချည်ခင်ရှုပ်ကြီး' ကို ယနေ့အထိ ဖက်တွယ်ထားဆဲဖြစ်ပုံရပါသည်။

တပ်မတော်အစိုးရသည် လူမျိုးခြား နယ်ချဲ့အစိုးရမဟုတ်ပါ။ တပ်မတော်သားတို့သည် မြန်မာနိုင်ငံသားများဖြစ်ကြပါသည်။ တပ်မတော်သားတို့သည် ငါ့နိုင်ငံတော်၊ ငါ့လူမျိုးအတွက် ငါ၏အသက်ကို စွန့်လွှတ်ပါမည်ဟု သစ္စာဓိဋ္ဌာန်ပြုထားကြသူများဖြစ်သည်။ ယနေ့ တပ်မတော်အစိုး ရသည် အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားပြီး ဆောင်ရွက်နေသော မြန်မာအမျိုးသားအစိုးရ ဖြစ်သည်။ အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက်နေသော မြန်မာအမျိုးသားအစိုးရတစ်ရပ်ကို ပြုတ်ကျစေရန် ဒေါ်စုကြည်နှင့် NLD တို့သည် အမေရိကန်နှင့်အပေါင်းပါတို့က စီးပွားရေး နည်းဖြင့် မြန်မာနိုင်ငံအား စစ်တိုက်စေရန် တောင်းဆိုဆောင်ရွက်ခဲ့သည်။ ဤသို့ တိုက်ခိုက်ခံရခြင်းကြောင့် ယခုအခါ မြန်မာပြည်သူ လူထုသာ ထိခိုက်နစ်နာနေရသည်ကို ဒေါ်စုကြည်နှင့် NLD တို့ ကောင်းစွာ သိရှိကြပါသည်။ ထို့ကြောင့် ဒေါ်စုကြည်နှင့် NLD တို့သည် ဖခင်ဗိုလ်ချုပ်ကဲ့သို့ မိမိအမှားကို ပြင်ဆင်ပြီး မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ထားခြင်းကို ချက်ချင်းရုပ်သိမ်းပေးရန် အမေရိကန်နှင့် အပေါင်းပါတို့အား တောင်းဆိုရပါမည်။

ဩစတြေးလျားနှင့် အင်ဒိုနီးရှားကုမ္ပဏီများဆွေးနွေး ဇီဝလောင်စာထုတ်လုပ်ရေး ပူးပေါင်းဆောင်ရွက်မည်

ဂျကာတာ ဇွန် ၇

အင်ဒိုနီးရှားနိုင်ငံတွင် ဇီဝဒီဇယ် ဖွံ့ဖြိုးတိုးတက်ရေးကို အကူအညီပေးရန် ဩစတြေးလျား ကုမ္ပဏီသုံးခုနှင့်တို့က လေ့လာမှုများ ပြုလုပ်နေကြောင်း ဂျကာတာပို့စ်သတင်းစာက ဇွန် ၅ ရက်၌ ဖော်ပြသည်။

ဩစတြေးလျားနိုင်ငံမှ အီနာဂျီရာ အင်တာနေရှင်နယ် ဘိုင်အိုဒီဇယ်နှင့် ခရစ်တော့ဖ်အုပ်စု စသည့်ကုမ္ပဏီသုံးခုတို့က အင်ဒိုနီးရှားနိုင်ငံမှ စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းတစ်ခုနှင့် ဆွေးနွေးလျက်ရှိကြောင်း ဩစတြေးလျား စီးပွားရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်ရေမွန်ဂရက်က ပြောကြားသည်ဟု အဆိုပါ သတင်းစာ၌ ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံတွင်းမှ လုပ်ငန်းရှင်များနှင့် ဇီဝဒီဇယ်သန့်စင်ရေးစက်ရုံကိုပူးတွဲတည်ထောင်ရန် ထိုသို့တူထောင်ရာတွင် ဩစတြေးလျား ကုမ္ပဏီသုံးခုမှ နည်းပညာနှင့် လိုအပ်သော ထောက်ပံ့မှုများကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်းငင်းကဆက်လက်ပြောကြားသည်။

အဆိုပါ ဩစတြေးလျားမှ ကုမ္ပဏီသုံးခုတို့သည် ဇီဝလောင်စာထုတ်ယူရေးအတွက် နည်းပညာများ ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။ ၎င်းကုမ္ပဏီများသည် လောလောဆယ်တွင် တစ်နှစ်လျှင် ဇီဝဒီဇယ် ၄၄၀၀၀၀ တန် ထုတ်လုပ်လျက်ရှိပြီး ဩစတြေးလျားနိုင်ငံ၏ လောင်စာဆီလိုအပ်သည့် ထက်ဝက်ခန့်ကို ဖြည့်ဆည်းပေးနိုင်လျက်ရှိကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဗင်နီဇွဲလားပြည်တွင်းရေး ကန့်စွက်ဖက် နိုင်ငံခြားရေးဝန်ကြီး မာဒူရိုစွပ်စွဲပြောကြား

ပနားမားစီးတီး ဇွန် ၇

အမေရိကန်နိုင်ငံက ဗင်နီဇွဲလားနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေကြောင်းဖြင့် ပနားမားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီး နီကိုလပ်မာဒူရိုက ဇွန် ၅ ရက်တွင် စွပ်စွဲပြောကြားလိုက်သည်။

ဗင်နီဇွဲလားနိုင်ငံတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ သွားလာ လှုပ်ရှားခွင့်နှင့် လုံခြုံရေးကို အာမခံသည့် ဒီမိုကရေစီအစိုးရတစ်ရပ်ရှိကြောင်း ဗင်နီဇွဲလား နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ကွယ်လွန်သူ ပနားမားသမ္မတ ဗိုလ်ချုပ်ကြီးအိုမာတော်ရီဂျို၏ ဗိမာန်တွင် လွမ်းသူ့ပန်းခွေချသည့် အခမ်းအနား၌ နိုင်ငံခြားရေးဝန်ကြီး နီကိုလပ်မာဒူရိုက ပြောကြားလိုက်ခြင်း ဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံမှ ရေဒီယိုကရာကတ် ရုပ်မြင်သံကြား၌ာနကို မေ ၂၇ ရက်က ပိတ်ပင်လိုက်ခြင်းအပေါ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်က စောစောပိုင်းတွင် လူသိရှင်ကြား ပြစ်တင်ဝေဖန်ခဲ့ခြင်းကို တုံ့ပြန်လိုက်ခြင်းလည်း ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ယဉ်ကျေးမှု ကဇာတ်ရုံ

တရုတ်နိုင်ငံ ပေကျင်းမြို့၌ တည်ဆောက်ထားသည့် ထိုင်ခုံပေါင်း ၂၀၁၇ ဆံ့သည့် ယဉ်ကျေးမှုကဇာတ်ရုံကို ဇွန် ၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အိုမန်နိုင်ငံသို့ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ် အနည်းဆုံး ၁၂ဦး သေဆုံး

ဒူဘိုင်း ဇွန် ၇

ဆိုင်ကလုန်းမုန်တိုင်း ဇွန် ၅ ရက်က အိုမန်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့ရာ ကမ်းခြေဒေသနေ ပြည်သူထောင်ပေါင်းများစွာတို့သည် နေအိမ်များကို စွန့်ခွာ ထွက်ပြေးကြကြောင်း၊ ယင်းမုန်တိုင်းကြောင့် ၁၂ဦး သေဆုံးသွားပြီဖြစ်ကြောင်း ရိုက်တာ သတင်းတွင် ဖော်ပြသည်။

ပြောကြား

ဂိုဂုအမည်ရှိ အဆိုပါ အပူပိုင်းမုန်တိုင်းသည် အဆင့် ၅ ရှိ ဟာရီကိန်းအမျိုးအစားဖြစ်ကြောင်း၊ ယင်းမုန်တိုင်းသည် ၁၉၇၇ ခုနှစ်နောက်ပိုင်း အင်အားအပြင်းဆုံးမုန်တိုင်းဖြစ်ကြောင်း အိုမန်မိုးလေဝသအရာရှိ တစ်ဦးကပြောကြားသည်။

လေပြင်းမုန်တိုင်းများ တိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း၊ မုန်တိုင်းမှာ တစ်နာရီလျှင် ၁၃၃ မိုင်နှုန်းဖြင့် အိုမန်ကမ်းခြေသို့ ဝင်ရောက်လာကြောင်း၊ လှိုင်းလုံးကြီးများမှာလည်း လေးမီတာမှ ၁၂ မီတာအထိ မြင့်တက်လာကြောင်း မိုးလေဝသညွှန်ကြားရေးမှူး အာမက်အယ်ဟာသီက ပြောကြားသည်။
အမ်အင်န်အေ၊ရိုက်တာ

လက်ဘနွန်၌ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား

နာအယ်ဘာရတ် ဇွန် ၇

လက်ဘနွန်နိုင်ငံမြောက်ပိုင်းရှိ ပါလက်စတိုင်း ဒုက္ခသည်စခန်း၌ ခိုလှုံနေသော အယ်လ်ခိုင်ဒါအကြမ်းဖက် တိုက်ခိုက်ရေးသမားများနှင့် အဆက်အသွယ်ရှိသည့် လက်နက်ကိုင် စစ်သွေးကြွများအား လက်ဘနွန်တပ်ဖွဲ့ဝင်များက ဇွန် ၅ရက်တွင် ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

ထိုသို့ ပစ်ခတ်မှုကြောင့် ဖာတာစစ်သွေးကြွ လက်နက်ကိုင်များ ခိုလှုံရာ ပါလက်စတိုင်း ဒုက္ခသည်စခန်း၌ ပေါက်ကွဲသံများ အဆက်မပြတ်ကြားနေရပြီး ပါလက်စတိုင်း ဒုက္ခသည်စခန်းတွင်း၌လည်း ပျက်စီးမှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ထို့အတူ လက်ဘနွန်နိုင်ငံ တောင်ပိုင်းရှိ အင်အယ်ဟီဝပ် ဒုက္ခသည်စခန်း၌လည်း ဖာတာစစ်သွေးကြွ လက်နက်ကိုင်များ ဝင်ရောက်ခိုလှုံသည့်နေရာ၌ ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိသည်။ အမ်အင်န်အေ၊ရိုက်တာ

ဖိလစ်ပိုင်တွင် ပစ်ခတ်မှုဖြစ်ပွား လေးဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိ

မနီလာ ဇွန် ၇

ဖိလစ်ပိုင်နိုင်ငံ၏ ဝေးလံသီခေါင်သော ပြည်နယ်များတွင် ဇွန် ၄ ရက်က ပစ်ခတ်မှုနှစ်ခုဖြစ်ပွားခဲ့ရာ လေးဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

ကာဗီတီပြည်နယ် ဒက်စ်မာရီနာစ်မြို့ရှိ အိမ်တစ်အိမ်အတွင်းသို့ ယင်းနေ့အာရုဏ်တက်ချိန်တွင်း သေနတ်သမားများက ဇွတ်ဝင်ရောက်လာပြီး ပစ်ခတ်မှုကြောင့် နှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ရဲအကြီးအကဲ ဖီဒယ်လ်ပိုဆာဒက်စ်က သတင်းထောက်များအား ပြောကြားသည်။

သံသယဖြစ်ဖွယ် သုံးဦးက အိမ်တွင်းသို့ အတင်းဝင်ရောက်ကာ ၎င်းတို့၏ မိုဘိုင်းလ်ဖုန်းများနှင့် လက်ဝတ်ရတနာများကို လုယက်ခဲ့ကြကြောင်း၊ ၎င်းတို့က ပြန်ခုခံစဉ် သေနတ်သမားများက ၎င်းတို့ကိုပစ်ခတ်ပြီး ထွက်ပြေးသွားကြကြောင်း ပိုဆာဒက်စ်က ပြောကြားသည်။

ယင်းနေ့ နံနက်ပိုင်းတွင် နီဂရိုး အိုစီဒင့်တယ်လ်ပြည်နယ် လာကက်စတဲလာနာမြို့ရှိ ဟာစီရင်ဒါဗီလက်ဇ် မာလာဂါစိုက်ပျိုးမြေများနှင့် ပတ်သက်၍ လယ်သမားများနှင့် မြေပိုင်ရှင်များအကြား ပဋိပက္ခအငြင်းပွားမှု ဖြစ်ပွားခဲ့ကြောင်း နှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အိုမန်နိုင်ငံ မတ်စကတ်မြို့၌ မုန်တိုင်းများတိုက်ခတ်ပြီး မော်တော်ကားများ ရေနစ်မြုပ်နေသည်ကို ဇွန် ၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တူရကီ၌ လေယာဉ်ဘီးပေါက်

အန်ကာရာ ဇွန် ၇

တူရကီနိုင်ငံအနောက်ပိုင်း ဒါလာမန် နိုင်ငံတကာလေဆိပ်၌ ဇွန် ၄ရက် ညနေပိုင်းက ရုရှားဂျက်လေယာဉ် တစ်စင်းသည် ဘီးပေါက်သွားသော်လည်း ခရီးသည်အားလုံး အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း အနာတိုလီယာ သတင်း၌ာနမှ သက်ဆိုင်ရာ အရာရှိက ပြောကြားသည်။

ဖော်ပြ

မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဆေးဝန်ထမ်းများသည် အာရ်အေ-၈၆ ရုရှားဂျက်လေယာဉ် ဘီးပေါက်ကွဲမှုဖြစ်ပွားရာသို့ ရောက်ရှိလာပြီး ခရီးသည်များကို ဘေးကင်းရာသို့ ကယ်ထုတ်ခဲ့ရကြောင်း တူရကီနိုင်ငံမှ တာဝန်ရှိသူ အာမက် ဒီနစ်၏ ပြောကြားချက်ကို ကိုးကား၍ ၎င်းသတင်း၌ာနက ဖော်ပြသည်။
အမ်အင်န်အေ၊ဆင်ဟွာ

ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တနီပြည်နယ်၌ ရထားလမ်းချော်၍ တိမ်းမှောက်သွားသော ရထားတစ်စင်းကို ဇွန် ၄ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်၌တိုက်ပွဲဖြစ်ပွား၊ တာလီဘန် ၂၀ကျော်သေဆုံး

ကဘူးလ် ဇွန် ၇

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကင်ဒါဟာပြည်နယ်၌ အမေရိကန်တပ်ဖွဲ့နှင့် အာဖဂန်တပ်ဖွဲ့ဝင်များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် တာလီဘန်တိုက်ခိုက်ရေးသမား ၂၀ ကျော် သေဆုံးသွားကြောင်း အပေါင်းပါတပ်ဖွဲ့က ဇွန် ၅ ရက်၌ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါ တာလီဘန်တပ်များက လက်နက်ငယ်များ၊ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့စဉ် အာဖဂန်နှင့်အမေရိကန်တပ်ဖွဲ့ဝင်များက ပြန်လည်တိုက်ခိုက်ခဲ့ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြသည်။

ယင်းတို့သည် လေးနာရီကြာ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး တိုက်ပွဲ၌ တာလီဘန် ၂၀ကျော် သေဆုံးခဲ့သည်ဟု ဆိုသည်။

ကင်ဒါဟာပြည်နယ်သည် တာလီဘန်များ တပ်ချနေထိုင်သည့် ဒေသတစ်ခုဖြစ်သည်။ အမ်အင်န်အေ၊ဆင်ဟွာ

❒ **ကျောဖုံးမှ**

မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းကျေးရွာ၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ခြံစည်းရိုးကြက်ဆူ ပျိုးထောင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်သည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှေးဦးစွာ ရန်ကုန်တိုင်း သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးခင်ဝင်းက သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ရန်ကုန်မြောက်ပိုင်းခရိုင်အနေဖြင့် ၂၀၀၇ ခုနှစ် မိုးရာသီကာလ၌ လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်ပျိုးပင်ပေါင်း ၄၃၀၀၀၀ ပင်ကို ဖြန့်ဝေစိုက်ပျိုးလျက်ရှိကြောင်း။

ပြုစုထိန်းသိမ်း

ကမ္ဘာပေါ်ရှိလူတို့နေထိုင်ရာပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက်အဓိက အရေးကြီးဆုံးက သစ်ပင်များရှိနေရန်ဖြစ်ကြောင်း၊ ကမ္ဘာကြီးပူနွေးလာမှုကို တားဆီးနိုင်သော တစ်ခုတည်းသော အဖြေမှာလည်း သစ်ပင်များရှိနေရန်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တစ်တွေသည် သစ်ပင်တွေကို စိုက်ပျိုးရန်၊ ရှင်သန်အောင် ပြုစုထိန်းသိမ်းရန် များစွာလိုအပ်ပါကြောင်း။

မိမိတို့ တိုင်းပြည်၌ မြေပေါ်မြေအောက် သယံဇာတများ မည်မျှပင် ပေါကြွယ်ဝနေသော်လည်း တစ်နေ့လုံး ကုန်သွားမှာဖြစ်ကြောင်း၊ မည်သည့်အခါမှ မကုန်ဆုံးနိုင်သည့် သယံဇာတများကတော့ လူ့အရင်းအမြစ်များနှင့် သစ်တော၊ သစ်ပင်များပင်ဖြစ်ကြောင်း၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားကြရမှာဖြစ်သကဲ့သို့ ပြန်လည်ဖြည့်တင်းနိုင်သည့် သစ်တော သစ်ပင်များကိုလည်း စိုက်ပျိုးကြရမှာ၊ ထိန်းသိမ်းကြရမှာဖြစ်ကြောင်း။

ခက်ခဲလာ

သစ်တော၊ သစ်ပင်များမရှိလျှင် ရာသီဥတုတွေ ဖောက်ပြန်မည်၊ မိုးခေါင်မည်၊ စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးရာက လူသားများအတွက် ဒုက္ခဆင်းရဲများ ဖြစ်လာမှာဖြစ်ကြောင်း၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်လည်း ခက်ခဲလာမှာဖြစ်ကြောင်း။

ကမ္ဘာပေါ်၌ စက်မှုနိုင်ငံကြီးများက ထုတ်လွှင့်သည့် ကာဗွန်ဒိုင်အောက်ဆိုက်များကြောင့် ကမ္ဘာကြီးပူနွေးလာပြီး ဝင်ရိုးစွန်းကရေခဲတောင်များ အရည်ပျော်ရာကနေ ပင်လယ်ရေအောက် နစ်မြုပ်နိုင်သည့် နေရာဒေသများ ရှိလာနေပြီဖြစ်ကြောင်း၊ စက်မှုနိုင်ငံကြီးများ၌ သစ်တောများ ထူထောင်ရန် နေရာများမရှိခြင်းနှင့် ကုန်ကျစရိတ်ကြီးလွန်းခြင်းကြောင့် သစ်တောများကို ငွေကြေးမြောက်မြားစွာ ရင်းနှီးပြီး ထိန်းသိမ်းရမည့် အခြေအနေများဖြစ်ပေါ်နေကြောင်း၊ မိမိနိုင်ငံ အနေဖြင့် ရေမြေသဘာဝ အခြေအနေကြောင့် သစ်တော၊ သစ်ပင်များ စိုက်ပျိုးရေးသည် မခက်ခဲလှကြောင်း၊ ဤသည်မှာ နိုင်ငံအတွက် ရာသီဥတုထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအပြင် ဝင်ငွေကောင်းစေမည့် လုပ်ငန်းတစ်ခု ဖြစ်ခြင်းကြောင့် မိမိတို့ပြည်သူများသည် မိမိကိုယ်ပိုင်တောများကဲ့သို့ မပျက်စီးရန် ထိန်းသိမ်းကြဖို့ လိုအပ်ကြောင်း။

ထို့ကြောင့် သစ်ပင်များစိုက်ပျိုးရာတွင် သစ်တောဦးစီးဌာနက ဆောင်ပုဒ်အတိုင်း **"ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင် ထိန်းသိမ်း"** ကြပြီး ကိုယ့်ရင်သွေးကဲ့သို့ စိုက်ပျိုးပြုစုကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အစားထိုးသုံးစွဲ

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည့်အလျောက် လယ်ယာကဏ္ဍကို ဖွံ့ဖြိုးတိုးတက်လာရန် ဆောင်ရွက်လျက်ရှိကြောင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာကဏ္ဍသို့ ကူးပြောင်းရာတွင် လယ်ယာသုံး ပစ္စည်းများကို စက်ကိရိယာများဖြင့် အစားထိုးပြီး ကျယ်ပြန့်စွာသုံးစွဲလာနေပြီဖြစ်ကြောင်း၊ လက်ရှိအားဖြင့် နိုင်ငံတော်၏ ပံ့ပိုးမှုများအရ ထွန်စက်၊ လက်တွန်းထွန်စက်၊ ရိတ်စက်၊ ချွေလှေ့စက်၊ ရိတ်ချွေစက် စသည့် လယ်ယာသုံးစက်ကိရိယာများကို သုံးစွဲလာသည်နှင့်အမျှ စက်သုံးဆီသည်လည်း မဖြစ်မနေလိုအပ်ချက်တစ်ရပ် ဖြစ်လာကြောင်း။

မကုန်ခန်းနိုင်သော ဇီဝလောင်စာ

ယနေ့ကမ္ဘာပေါ်တွင် အသုံးပြုနေသည့် စက်သုံးဆီများသည် သဘာဝ သယံဇာတ တွင်းထွက်ပစ္စည်းဖြစ်၍ ထွက်ရှိမှုမှာ အကန့်အသတ်များ ရှိနေကြောင်း၊ ကျွမ်းကျင်သည့်ပညာရှင်များ ခန့်မှန်းတွက်ချက်မှုများအရ လာမည့်နှစ် ၄၀လောက်တွင် ထွက်ရှိမှုများ လျော့နည်းသွားမည်ဟု သိရကြောင်း၊ ယခုကဲ့သို့ တွင်းထွက်ပစ္စည်း လောင်စာများကိုသာ အသုံးပြုနေရမည့် အစားပြန် ဖြည့်မြဲစွမ်းအင်(Renewable Energy) ဖြစ်သည့် နေရောင်ခြည်စွမ်းအင် (Solar Energy)၊ ရေအားစွမ်းအင်(Hydro Power)၊ လေအားစွမ်းအင် (Wind Power)နှင့် ဇီဝလောင်စာများ(ကြက်ဆူဆီ၊ အီသနော)ကိုအစားထိုး သုံးစွဲသွားရန် လိုအပ်ကြောင်း၊ ဇီဝလောင်စာများဖြစ်သည့် ခြံစည်းရိုးကြက်ဆူမှရရှိမည့် ကြက်ဆူဆီများ၊ ပီလောပီနံ၊ အစေ့ထုတ်ပြောင်း၊ ကြံ စသည်မှ ထုတ်လုပ်ရရှိနိုင်သော အီသနောများသည် စိုက်ပျိုးထွက်ရှိနေသရွေ့ မကုန်ခန်းနိုင်သော ဇီဝလောင်စာများပင် ဖြစ်ကြောင်း။

ပြည့်မီအောင် စိုက်ပျိုး

ခြံစည်းရိုးကြက်ဆူအနေဖြင့် ရန်ကုန်တိုင်းအတွင်း ဧကတစ်သိန်းစိုက်ပျိုးသွားကြမှာဖြစ်ပြီး ယနေ့အထိ ဧက ၃၉၂၅၀ စိုက်ပျိုးပြီးဖြစ်၍ စိုက်ပျိုးရန် ကျန်ဧကများကို ပြည့်မီအောင် ဆက်လက်စိုက်ပျိုးသွားကြရန်လိုကြောင်း။

ဤကဲ့သို့စိုက်ပျိုးရာတွင် **စိုက်ပျိုးပြီး အပင်များ ရှင်သန်ဖြစ်ထွန်းအောင် ပြုစုစောင့်ရှောက်သွားရန်နှင့် ပင်သေ၊ ပင်ပျောက်များကို ပြန်လည် ဖာထေးစိုက်ပျိုးသွားရန်၊ မိုးများသည့် ဒေသဖြစ်၍ ရေဝပ်နိုင်သော နေရာများတွင် အပင်ခြေ ရေမဝင်အောင် မြေပုံများပုံ၍ စိုက်ပျိုးသွားရန်နှင့် စိုက်ပျိုးပြီးအပင်နှင့် စိုက်ပျိုးမည့် အပင်များကို ရှင်သန်အောင် ပြုစုထိန်းသိမ်းရန်နှင့် ထွက်ရှိလာမည့်အသီးများ အလေအလွင့်မရှိရေးအတွက် တိကျစွာတာဝန်ပေးပြီး ဆောင်ရွက်သွားရန်လိုကြောင်း။**

တိုက်တွန်းပြောကြား

အထူးမှာကြားလိုသည်မှာခြံစည်းရိုးကြက်ဆူဆီဖြင့် လယ်ယာသုံး စက်ကိရိယာ သုံးစွဲလာရေး၊ တစ်ရွာလုံး မီးလင်းရေး၊ ထမင်းဟင်းချက်ပြုတ်ရာတွင် သုံးစွဲလာရေးများ ဆောင်ရွက်လာနိုင်သည်အထိ မြို့နယ်အလိုက် ခြံစည်းရိုးကြက်ဆူစံပြရွာများ သတ်မှတ်ပြီး လျာထားချက်အတိုင်း အပြည့်အဝ အကောင်အထည်ဖော် စိုက်ပျိုးဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဝေငှပေးအပ်

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ အင်းစိန်၊ လှည်းကူး၊ တိုက်ကြီး၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ လှိုင်သာယာနှင့် ထန်းတပင်မြို့နယ်တို့မှ တာဝန်ရှိသူများအား မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးမည့် သစ်ပင်များ၊ ကြက်ဆူပင်မျိုးစေ့နှင့် မျိုးကိုင်းများကို ဝေငှပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဖူးကြီးတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်နောင်နှင့်တာဝန်ရှိသူများက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးမည့် သစ်ပင်များ၊ ကြက်ဆူပင်မျိုးစေ့နှင့် မျိုးကိုင်းများကို တာဝန်ရှိသူများအား ဝေငှပေးအပ်သည်။

ပျိုးထောင်စိုက်ပျိုး

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ခြံစည်းရိုးကြက်ဆူ ပျိုးထောင်စိုက်ပျိုးပွဲ အခမ်းအနားအထိမ်းအမှတ်ဖြင့် ရတနာတန်းဝင် ကျွန်းပင်၊ ကံ့ကော်ပင်နှင့် ကြက်ဆူပင်တို့ကို အမှတ်တရစိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ဖူးကြီးတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်နောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများက ပိတောက်၊ ခရေနှင့် ကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဖူးကြီးတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်နောင်နှင့် တာဝန်ရှိသူများနှင့်အတူ ရန်ကုန် မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ခြံစည်းရိုးကြက်ဆူပျိုးထောင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက အရိပ်ရပင်၊ လေကာပင်၊ ရတနာတန်းဝင်ကျွန်းနှင့် ကြက်ဆူပင်များစိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

တက်ရောက်အားပေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဖူးကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များ၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ဖူးကြီးတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်နောင်က ဖူးကြီးတပ်နယ်အတွင်း ရော်ဘာ၊ ကြက်ဆူပင်နှင့် ဝဥစိုက်ပျိုးနေမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဝဥဖြင့် ရောစပ်ပြုလုပ်ထားသော စားသောက်ကုန်မျိုးစုံနှင့် ဝဥပျိုးပင်ငယ်များအား ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဖူးကြီးတပ်နယ်တွင် စိုက်ပျိုးမည့် ခြံစည်းရိုးကြက်ဆူပင်များကို တပ်ရင်း၊ တပ်ဖွဲ့များအား ဝေငှပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ဖူးကြီးတပ်နယ်မှဗိုလ်မှူးချုပ်မြင့်နောင်တို့က တပ်ရင်း၊ တပ်ဖွဲ့များအားကြက်ဆူပင်များ ဝေငှပေးအပ်သည်။

အမှတ်တရစိုက်ပျိုးပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဖူးကြီးတပ်နယ် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲ အခမ်းအနားအထိမ်းအမှတ်အဖြစ် ကြက်ဆူပင်ကို အမှတ်တရ စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဖူးကြီးတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်နောင်တို့က ကြက်ဆူပင်များကို အမှတ်တရစိုက်ပျိုးပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ဖူးကြီးတပ်နယ်သစ်ပင်စိုက်ပျိုးပွဲတွင် တပ်နယ်မှ အရာရှိ၊ စစ်သည်နှင့်မိသားစုဝင် စုစုပေါင်း ၁၂၀၀ ကျော်တို့က ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ဖူးကြီးတပ်နယ်မှ ဧက ၂၀ရှိ ခြံစည်းရိုးကြက်ဆူပင် စံပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၆ မှ

အဖြစ် နှမ်းပေါ်မှဧက ၄၈၀၀၊ ပဲမျိုးစုံဧက ၅၂၀၀၊ တတိယ သီးနှံအဖြစ် နှမ်းပေါ်မှဧက ၈၀၀၀၊ ဆီထွက်သီးနှံဧက ၂၀၀၀ စုစုပေါင်း သီးနှံစိုက်ဧက ၃၀၀၀၀အထိ တိုးတက်အောင်မြင်စွာ စိုက်ပျိုးနိုင်တော့မည်ဖြစ်၍ သီးနှံစိုက်စွမ်းအားလည်း ၃၀၀ ရာခိုင်နှုန်းအထိ တိုးတက် အကျိုးခံစားရမည်ဖြစ်ကြောင်း။

ဒေသခံတောင်သူ လယ်မားများနှင့် ပြည်သူများ၏ စီးပွားရေး ပိုမိုတိုးတက်မြင့်မားလာစေရအောင် ယခု မမြရေလှောင်တမံကို နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၉၄၅၅ သန်း အကုန်အကျခံပြီး ပြည်တွင်းက ကိုယ်ပိုင်စွမ်းအားဖြင့် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် မိမိတို့၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတွင် ရေကြောင့်ကြုံတွေ့ရသောအဟန့်အတားများကို ကျော်လွှားနိုင်ရန် ယခု မမြရေလှောင်တမံကိုတည်ဆောက်ပေးလိုက်ပြီဖြစ်ကြောင်း၊ မိမိတို့၏လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးနှံစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း၊ လယ်ယာကုန်ထုတ် လုပ်ငန်းများ တိုးတက် ထုတ်လုပ်နိုင်သည်နှင့် အမျှ ပြည်သူများ၏ လူနေမှုအဆင့်အတန်းလည်း ပိုမိုမြင့်မားတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မမြရေလှောင်တမံ တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရကို ကျေးဇူးတင်ရှိပါကြောင်းကိုဒေသခံပြည်သူများကိုယ်စားပြည်သူတစ်ဦးက ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး မမြရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ရှေ့တွင် နေရာယူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် မမြရေလှောင်တမံကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်တို့က မမြရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့သည် မမြရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ ရေလှောင်တမံတည်ဆောက်ရေးစီမံကိန်းမှ တာဝန်ရှိသူများ၊ ဧည့်သည်တော်များနှင့်အတူ ရေလှောင်တမံဖွင့်ပွဲ အထိမ်းအမှတ်မင်္ဂလာမုခ်ဦးရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး၊ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် မမြရေလှောင်တမံ ရေထိန်းမျှော်စင်နှင့် မြေသားတမံ တစ်လျှောက်လှည့်လည် ကြည့်ရှုစစ်ဆေးကြပြီး ရေလှောင်တမံ လက်ယာမြောင်းမကြီး ရေချပေါက် အမှတ်(၃)တွင် နှစ်ကီလိုဝပ် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်နှစ်လုံးဖြင့် ဘေးရှိမျှင်ဝါး တောင်ကျေးရွာသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးနေသည့် အသေးစား လျှပ်စစ်ဓာတ်အားစက်တို့ကိုလည်းကောင်း၊ ရေချပေါက်အမှတ်(၁)တွင် နှစ်ကီလိုဝပ်သေးစားရေအား လျှပ်စစ်ဓာတ်အားပေးစက် တစ်လုံးနှင့် သုံးကီလိုဝပ်စက်တစ်လုံး စုစုပေါင်း ဓာတ်အားပေးစက်နှစ်လုံးဖြင့် ရေလှောင်တမံဝန်ထမ်းအိမ်ရာသို့ လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးနေသည့် အသေးစားရေအားလျှပ်စစ်ဓာတ်အားစက်တို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၉)မှ ညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်နှင့်တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မမြရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက မမြရေလှောင်တမံတည်ဆောက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ရေလှောင်တမံရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် မှာကြားသည်။

ယခုနှစ်ဖွင့်လှစ်လိုက်သော မမြရေလှောင်တမံသည် ဧရာဝတီတိုင်း ဟင်္သာတခရိုင် မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာရှိ မမြချောင်းပေါ်၌တည်ရှိပြီး ရေလှောင်တမံကို အလျားပေ ၁၁၈၀၀၊ အမြင့်ပေ ၁၅၀ရှိ မြေသားတမံအဖြစ် တည်ဆောက်ထားသည်။ တမံ၏ကန်ရေပြည့်ရေလှောင် ပမာဏမှာ ဧကပေ ၇၀၀၀၀ရှိပြီး ကန်ရေပြည့်ရေပြင်ကျယ် ဧရိယာမှာ ဧက ၁၃၃၀ရှိသည်။ (၄ပေ X ၆ပေ) အရွယ်အစားရှိ သံကူကွန်ကရစ် ရေထုတ်ပြွန် နှစ်ပေါက်နှင့် အကျယ်ပေ ၁၅၀ (အရေးပေါ်အကျယ်ပေ ၃၀၀)၊ အလျားပေ ၁၂၈၀ရှိ သံကူကွန်ကရစ် (Ogee Type) ရေပိုလွှဲတို့ကိုလည်း ထည့်သွင်း တည်ဆောက်ထားပြီး မြန်အောင်မြို့နယ်အတွင်းရှိ လယ်မြေဧက ၁၀၀၀၀တို့ကို စိုက်ပျိုးရေဖူလုံစွာ ဖြန့်ဝေပေးနိုင်မည့်အပြင် မမြချောင်းဝဲယာရှိ လယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ထို့အတူ ရေအားလျှပ်စစ် ကီလိုဝပ်၅၀၀ ထုတ်ယူနိုင်မည့် ကီလိုဝပ် ၂၅၀ရှိ စက်နှစ်လုံးကိုပါ တည်ဆောက်သွားမည်ဖြစ်၍ ဒေသ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကိုပါ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး လက်ရှိရေလှောင်တမံ ရေပေးမြောင်းမှ ဆည်ရေဖြင့် နှစ်ကီလိုဝပ်လေးလုံး၊ သုံးကီလိုဝပ် နှစ်လုံး ရေအားလျှပ်စစ်ဓာတ် အားပေးစက်ငယ်များတပ်ဆင်ကား မြောင်းပတ်ဝန်းကျင် မျှင်ဝါးတောင် ကျေးရွာအား လျှပ်စစ်မီးလင်းရေးကို အထောက်အကူပြုလျက်ရှိသည်။ ဆက်လက်၍ မမြရေလှောင်တမံမှ လက်ပံကွင်းကျေးရွာအထိ ရေချပေါက် ၁၇ခုရှိရာ နှစ်ခုတွင် အသေးစားရေအားလျှပ်စစ် ထုတ်လုပ်လျက်ရှိပြီး ကျန် ၁၅ခုတွင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း မျက်မှန်လှူဒါန်းမည်

ရန်ကုန် ဇွန် ၇

ရန်ကင်း ပြည်သာယာ(ကျိုက္ကဆံ စူပါဝမ်း၊ တာမွေလေး၊ သံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း၌ အပတ်စဉ်တနင်္လာနေ့တိုင်း ဆောင်ရွက်ပေးလျက်ရှိသော မျက်စိအထူးကုအစီအစဉ်တွင် ပါဝင်ပံ့ပိုး အလင်းဒါနပြုသောအားဖြင့် ဗိုလ်ချုပ်ဈေး အင်္ဂလန်ဗွီးရှင်း မျက်မှန်ဆိုင်မှ မျက်စိဝေဒနာရှင် ဦးရေ ၁၀၀အတွက် မျက်မှန်များ စမ်းသပ်ပေးပြီး မှော်ဘီမြို့ ဈေးခန်းမ၌ နွမ်းပါးဝေဒနာရှင်ဦးရေ ၅၀ တို့အား လှူဒါန်းခဲ့သည်။ ကျန်ဦးရေ ၅၀ အတွက် လာမည့် ဇွန် ၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂နာရီမှစ၍ ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း၌ အခမဲ့ စမ်းသပ်ပေးကာ မျက်မှန်များလှူဒါန်းမည်ဖြစ်ရာ မျက်စိဝေဒနာရှင်များသည် ရွှေပြည်ဟိန်းကျောင်း ဖုန်း–၅၄၁၄၉၃နှင့် ၀၉–၅၁၀၂၁၉၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဇွန် ၇ ရက်က မြန်မာ့ပုလဲရောင်းချပွဲတွင် ပြည်ပနိုင်ငံ ပုလဲကုမ္ပဏီများမှ ပုလဲကုန်သည်များ ပုလဲအတွဲများကို ကြည့်ရှုလေ့လာကြစဉ်။
(သတင်းစဉ်)

✳ ကျော့ဖုံးမှ

၃၅သင်း

ပြိုင်ပွဲတွင် နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ အသင်းပေါင်း ၃၅ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲဝင် ၃၅ သင်းကို အုပ်စု ရှစ်စုခွဲ၍ ပထမအဆင့်အုပ်စုအမှတ်ပေးပွဲစဉ်များ ယှဉ်ပြိုင် ကစားကြရမည်ဖြစ်သည်။ ပထမအဆင့် အုပ်စုပွဲစဉ်များ ရေးဆွဲထားပြီးဖြစ်ရာ ဇွန် ၁၅ရက်မှ ဇူလိုင် ၅ ရက်အထိ ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။

အုပ်စု(က)

အုပ်စု(က)တွင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် သမဝါယမ ဝန်ကြီးဌာနတို့ ပါဝင်ကြသည်။

အုပ်စု(ခ)

အုပ်စု(ခ)တွင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့်သစ်တောရေးရာဝန်ကြီးဌာနတို့ ပါဝင်ကြသည်။

အုပ်စု(ဂ)

အုပ်စု(ဂ)တွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ပါဝင်ကြသည်။

အုပ်စု(ဃ)

အုပ်စု(ဃ)တွင်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ဒေသနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတို့ပါဝင်ကြသည်။

အုပ်စု(င)

အုပ်စု(င)တွင် သာသနာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့ပါဝင်ကြသည်။

အုပ်စု(စ)

အုပ်စု(စ)တွင် ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံး၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ပါဝင်ကြသည်။

အုပ်စု(ဆ)

အုပ်စု(ဆ)တွင် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ တရားရုံးချုပ်နှင့် ပညာရေးဝန်ကြီးဌာနတို့ပါဝင်ကြသည်။

အုပ်စု(ဇ)

အုပ်စု(ဇ)တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ပါဝင်ကြသည်။

ပထမအဆင့် အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စုပထမနှင့် ဒုတိယရရှိကြသော စုစုပေါင်း ၁၆သင်းသည် ဒုတိယအဆင့် အုပ်စုပွဲစဉ်သို့ တက်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်သည်။

အုပ်စုလေးစုခွဲ

ဒုတိယအဆင့် အုပ်စုအမှတ်ပေးပွဲစဉ်များကို လေးသင်းစီပါဝင်သော အုပ်စု လေးစုခွဲ၍ ဇူလိုင် ၇ ရက်မှ ၂၄ ရက်အထိ နေပြည်တော်ကွင်းနှင့် ပေါင်းလောင်းကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။

ဒုတိယအဆင့် အုပ်စုပွဲစဉ်များကို မလိုလားအပ်သော ပြဿနာများ မဖြစ်ပေါ်စေရန် အုပ်စုအတွင်း အသင်းများ တစ်ရက်တည်း ကွင်းနှစ်ကွင်းခွဲ၍ ယှဉ်ပြိုင်ကစားရန် စီစဉ်ထားကြောင်း သိရသည်။

ဒုတိယအဆင့် အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စုပထမနှင့် ဒုတိယရရှိကြသော စုစုပေါင်းရှစ်သင်းသည် ကွာတားဖိုင်နယ်ပွဲစဉ်သို့ တက်ရောက်ယှဉ်ပြိုင်ကစားခွင့်ရရှိမည် ဖြစ်သည်။

ဗိုလ်လုပွဲ

ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၂၀ ရက်မှ ၂၃ ရက်အထိလည်းကောင်း၊ အကြိုဗိုလ်လုပွဲစဉ်များကို ဇူလိုင် ၂၄ ရက်နှင့် ၂၅ရက်တွင်လည်းကောင်း၊ တတိယနေရာလုပွဲကို ဇူလိုင် ၂၇ ရက် (နံနက်ပိုင်း)တွင်လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ဇူလိုင် ၂၈ ရက်တွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်မှ ဗိုလ်လုပွဲစဉ်အထိ ပွဲစဉ်များကို နေပြည်တော်ကွင်း၌ ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။

စည်းမျဉ်းစည်းကမ်း

ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲအတွက် စည်းမျဉ်း စည်းကမ်းများ ရေးဆွဲထားရာ ပါဝင် ယှဉ်ပြိုင်မည့် အားကစားသမားများသည်ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ၌ ပါဝင် ကစားဖူးသူဖြစ်ပါက အသက် ၄၀အထက်၊ အဆင့်မြင့်တန်းနှင့် ပထမတန်းဘောလုံးပြိုင်ပွဲများ၌ ပါဝင်ကစားဖူးသူဖြစ်ပါက အသက် ၄၅နှစ်အထက် ဖြစ်ရမည် ဖြစ်သည်။

ကစားခွင့်မရှိ

ပြည်နယ်နှင့်တိုင်း (အလွတ်တန်း) ပြိုင်ပွဲနှင့် အဆင့်မြင့်တန်း၊ ပထမတန်း ကစားဖူးသူများသည် အသက်သတ်မှတ်ချက် ပြည့်မီသော်လည်း ၁၉၉၀ ပြည့်နှစ်မတိုင်မီ ပြိုင်ပွဲများ၌ ကစားခဲ့ဖူးသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့် ရှိမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်နှင့် မြန်မာလူငယ် လက်ရွေးစင်အသင်းများ၌ ပါဝင်ပြီး နိုင်ငံတကာ ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားဖူးသူများ ပါဝင်ကစားခွင့်မရှိချေ။ ကျန်ကစားသမားများအတွက်ကိုမူ အသက်ကန့်သတ်ချက်မထားဘဲ ယှဉ်ပြိုင်ခွင့်ပြုကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သန့်–တည်–ပွား အဓိဋ္ဌာန်တရားစခန်းဖွင့်မည်

ရန်ကုန် ဇွန် ၇

ထေရဝါဒ ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး **(သန့်–တည်–ပွား)**အဖွဲ့က ကျင်းပလျက်ရှိသော ကိုးရက်အဓိဋ္ဌာန်တရားစခန်းပွဲ များကို ဇွန်လအတွင်း ဒုတိယအကြိမ်နှင့်တတိယအကြိမ်အဖြစ် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် ၁၅ရှိ တိပိဋကဓမ္မရက္ခိတဗိမာန်တော်ကြီးတွင် ဖွင့်လှစ်မည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ဒုတိယအကြိမ် အဓိဋ္ဌာန်တရားစခန်းပွဲ ကို ဇွန် ၁၁ရက်မှ ၁၉ရက် အထိ လည်းကောင်း၊ တတိယအကြိမ် အဓိဋ္ဌာန်တရားစခန်းပွဲ ကို ဇွန်၂၁ရက်မှ ၂၉ ရက် အထိလည်းကောင်း ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၀၁–၃၈၂၁၁၁သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

The Live News ဂျာနယ် အမှတ်(၃၈)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၇

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေ ဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၃၈)ကို ယနေ့ထုတ်ဝေ ဖြန့်ချိလိုက်သည်။

ရန်ကုန်မြို့တွင် နေ့စဉ်အမှိုက် ၁၄၂၅ တန်နှင့် စွန့်ပစ်ကြွပ်ကြွပ်အိတ် တန်ချိန် ၁၄၀ ခန့်ထွက်၊ မိုးရေထိန်းကန်များ ပပျောက်ခဲ့၍ ရန်ကုန်မြို့တွင်း ရေများလျှံခဲ့ ယခင်အကျယ်သုံးပေမြောင်းများအား ငါးပေအကျယ်အထိ ချဲ့ထွင်နေ၊ ကျောက်မျက်ရတနာ လုပ်ကွက်သစ်များ ထပ်မံချထားမည်၊ နိုင်ငံခြားခရီးသွားဧည့်သည်များ ယခင်နှစ်ကထက် တိုးတက်များပြားလာဖွယ်ရှိ၊ ရွှေစက်တော်သို့သွား တောလား(၅)၊ ဘိုးတော်မင်းတရားခေတ်က ပိဋကတ်တိုက်များ၊ အော်စကာနဲ့ ကွယ်လွန်သွားကြသူများ၊ ဘောင်ဘင်ခတ်နေသူများ၊ ရုရှားနှင့်အမေရိကန်အကြား စစ်အေးတိုက်ပွဲ တစ်ခေတ်ဆန်းလာဦးမည်လော၊ ငွေကိုလမ်းခင်းလျှောက်နိုင်မှ ရွေးကောက်ပွဲပန်းတိုင်နဲ့နီးမယ့် အမေရိကန်သမ္မတလောင်းများ၊ ပြန်လည်ပျော့ပျောင်းလာသည့် တရုတ်–အမေရိကန် စစ်ရေးဆက်ဆံမှု၊ တူရကီတပ်ဖွဲ့ဝင်များ အီရတ်နယ်စပ်တွင် စစ်ပြင်လျက်ရှိ၊ ရုရှားသူလျှိုဟောင်း အဆိပ်မိသေဆုံးမှု ဗြိတိသျှအစိုးရ ပါဝင်ပတ်သက်ဟု စွပ်စွဲ၊ တက္ကစီမင်းနှင့် ရုပ်ရှင်ရုံ၊ ၂၀၀၇ ခုနှစ် ဇွန်လ ၉ ရက်မှ ဇွန် ၁၅ ရက်အတွင်း မွေးဖွားသော မျိုးဆက်သစ်ကလေးငယ်များ၏ ဘဝတစ်သက်တာကံဇာတာ၊ ကိုရီးယား ရုပ်ရှင်ကြိုတင်ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ပါရဂူ၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ သက္က(ခေတ္တရာ)၊ မောင်မြတ်မွန်(ဆူးလေ)၊ မောင်နေလင်း၊ ရဲဇော်(ဇီးကုန်း)နှင့် အမြို့မြို့အနယ်နယ် မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း–၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ပါလက်စတိုင်းဒုက္ခသည်စခန်းအား လက်ဘနွန်တပ်များ လက်နက်ကြီးများဖြင့်တိုက်ခိုက်

ဘေရွတ် ဇွန် ၇

လက်ဘနွန်မြောက်ပိုင်း ပါလက်စတိုင်းဒုက္ခသည်များစခန်းတစ်ခုကို ဇွန် ၇ ရက်က မြေပြင်မှ လက်ဘနွန်တပ်များက ချီတက်တိုက်ခိုက်စဉ် လက်ဘနွန်ရဟတ်ယာဉ်များကလည်း ကောင်းကင်ယံမှ ဝဲပျံလိုက်ပါကာ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

သေဆုံး

အဆိုပါတိုက်ပွဲ တွင် တိုက်ခိုက်ရေးသမားများနှင့်အပြန်အလှန်ပစ်ခတ်ကြပြီးနောက် လက်ဘနွန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း လက်ဘနွန်သတင်းအေဂျင်စီမှ တာဝန်ရှိသူများက ပြောကြားသည်။

ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုလျှော့ချရန် စက်မှုထိပ်သီးနိုင်ငံများသဘောတူညီ

မြူးနစ် ဇွန် ၇

ဂျာမနီနိုင်ငံ၌ ကျင်းပနေသော စက်မှုထိပ်သီးရှစ်နိုင်ငံခေါင်းဆောင်များက ယနေ့တွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်သွားရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ် အိန်ဂျယ်လာမာကဲလ်က ပြောကြားလိုက်သည်။

တိုက်တွန်း

မိမိတို့သည် ကမ္ဘာ့ရာသီဥတုကို ပြောင်းလဲမှုဆောင်ရွက်ရာတွင် ပထမဦးစွာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရမည်ဖြစ်ကြောင်း၊ ၂၀၅၀ပြည့်နှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှု ၅၀ရာခိုင်နှုန်း လျှော့ချသွားရေး ဂျာမနီနိုင်ငံအနေဖြင့် တိုက်တွန်းလိုကြောင်း ဂျာမနီဝန်ကြီးချုပ်က ပြောကြားသည်။

စမ်းချောင်းလမ်း တရားစခန်းဖွင့်မည်

ရန်ကုန် ဇွန် ၇

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အကျင့်မြတ် အလုပ်ပေးတရားတော်ကြီးကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက ဇွန်၁၅ရက်မှ ၂၄ရက်အထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်၂၉ ဒုတိယလွှာတွင် မွန်းတည့် ၁၂နာရီမှ ညနေ၅နာရီအထိ နေ့စဉ်ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက် အားထုတ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ပါကင်ဆန်ရောဂါ မဖြစ်ပွားရန် ဆဲလ်အချို့ကူညီနိုင်

ကြွက်များ၏ မူလဆဲလ်အချို့ကိုယူ၍ လူတို့၏ အရေပြားပေါ်၌ ပျက်စီးသွားသော ဆဲလ်များနေရာတွင် အစားထိုးပေးခြင်းပြုလုပ်နိုင်ကြောင်း ဂျပန်နှင့် အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ရှာဖွေတွေ့ရှိခဲ့

မူလ အခြေခံဆဲလ်များ၏ စွမ်းဆောင်မှုများကို သုတေသန ပြုနေသော ပညာရှင်များအနေဖြင့် ပျက်စီးသွားသော ဆဲလ်များနေရာကို အစားထိုးအသုံးပြုရန် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အစားထိုးနိုင်လျှင်

ကြွက်များရှိ မူလအခြေခံ ဆဲလ်အချို့သည် လူတို့၌ ပျက်စီးသွားသော ဆဲလ်များကို အစားထိုးနိုင်လျှင် လူတို့၏ ခန္ဓာကိုယ်အတွင်းရှိ အချို့သော ဆဲလ်များသည်လည်း ထိုသို့ စွမ်းရည်မျိုးရှိမည်ဟု သုတေသနပညာရှင်များကို မျှော်လင့်ထားလျက်ရှိသည်။

ဟန့်တားပေးနိုင်မည်

ထိုသို့သော ဆဲလ်မျိုးကို ထုတ်ယူနိုင်ပါက ခန္ဓာကိုယ်အတွင်း ပျက်စီးသွားသော တစ်သျှူးများကို အစားထိုးပြုပြင်နိုင်ပြီး ပါကင်ဆန် ကဲ့သို့သော ရောဂါများ မဖြစ်ပွားအောင် ဟန့်တားပေးနိုင်မည်ဖြစ်ကြောင်း ဂျပန်နှင့် အမေရိကန် သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားသည်။



မြန်မာ့အလင်း
အင်တာနက်
ကျန်းမာရေး

မြန်မာဘောလုံးသမားများနှင့် နာကာတာ သရုပ်ပြပွဲကစား နောက်တစ်ကြိမ် မြန်မာနိုင်ငံသို့ ပြန်လာ ကစားဦးမည်

မြန်မာ့ဘောလုံးအသင်းအတွက် ရွေးချယ်ထားသော ဘောလုံးသမားများအား နှစ်သင်းခွဲကာ နာကာတာ သရုပ်ပြ ပါဝင်ကစားမည့်ပွဲမတိုင်မီ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဂျပန်လက်ရွေးစင်ဟောင်း နာကာတာအား လက်ဆွဲနှုတ်ဆက်စဉ်။

သတင်းမြင်ကွင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၇

မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ဂျပန်လက်ရွေးစင် ဘောလုံးသမားဟောင်း နာကာတာ၏ သရုပ်ပြ ချစ်ကြည်ရေးဘောလုံးပွဲကို ရန်ကုန်မြို့ သုဝဏ္ဏလူငယ်လေ့ကျင့်ရေး ကစားကွင်း၌ ယနေ့ ညနေ ၄နာရီတွင် ကျင်းပခဲ့သည်။

ကမ္ဘာကျော်ဘောလုံးသမားလည်းဖြစ်သည့် နာကာတာ လာရောက်ကစားမည့်သတင်းကြောင့် သုဝဏ္ဏလူငယ်

“သေသေချာချာလေ့ကျင့်ပြီး နောက်တစ်ကြိမ် မြန်မာဘောလုံးသမားတွေနဲ့ လာကစားပါဦးမယ်”
ဂျပန်လက်ရွေးစင် ဘောလုံး သမားဟောင်း နာကာတာ

လေ့ကျင့်ရေး ကစားကွင်း၌ မွန်းလွဲ ၂ နာရီခန့်ကပင် ပရိသတ်များ စည်ကားနေပြီဖြစ်သည်။ မီဒီယာသမားများနှင့် နာကာတာကို အားပေးချစ်မြတ်နိုးကြသည့် ပရိသတ်များကြောင့် နာကာတာသည် ပရိသတ်များအကြား နစ်မြုပ်နေခဲ့သည်။

သုဝဏ္ဏ လူငယ်လေ့ကျင့်ရေးအားကစားကွင်း၌လည်း အထူးတန်းပွဲကြည့်စင်တွင် ပရိသတ်များပြည့်လျှံနေပြီး အရှေ့ဘက်တန်း၌လည်း ပရိသတ်များ လာရောက်အားပေး ကြည့်ရှုကြသည်။

အနီရောင်

ပထမဦးစွာ အနီရောင်အသင်းနှင့် အဖြူရောင်အသင်းတို့ ယှဉ်ပြိုင်ကြရာ နာကာတာက အနီရောင်အသင်းမှ နံပါတ်(၇)ဂျာစီအင်္ကျီဝတ်ပြီး ကစားခဲ့သည်။ အနီရောင် အသင်းတွင် နာကာတာနှင့်အတူ မျိုးချစ်၊ တင်မောင်သန်း၊ ကျော်လွင်၊ စိုးမြင့်လွင်၊ ဟန်ထွန်း၊ ဆန်းဝင်း၊ ဝင်းမြင့်သွင်၊ ဇော်မင်းထွန်း၊ အောင်သိန်းလင်း၊ ကြည်လွင်၊ အေးမောင်ကြီး၊ ကျော်မင်း၊ ထွန်းထွန်းထက်နှင့် ဦးဇော်ဇော် စသူတို့ ပါဝင်ကစားခဲ့ကြသည်။

အဖြူရောင်

အဖြူရောင်အသင်းတွင် **(ဂိုး)** ထွန်းတင့်အောင်နှင့်အတူ စိုးမိုးကျော်၊ စိုးနိုင်၊ ထွန်းမြင့်လွင်၊ အေးမောင်လေး၊ ဟက်ကက် (ရုပ်ရှင်သရုပ်ဆောင်)၊ အေးကြူကြီး၊ ထွန်းထွန်း(ရုပ်ရှင်သရုပ်ဆောင်)၊ ခင်မောင်တင့်၊ ဉာဏ်ဝင်း၊ သန်းတိုးအောင်နှင့် မျိုးလှိုင်ဝင်းတို့ ပါဝင်ကစားသွားသည်။ ထိုပွဲကို မိနစ် ၃၀ခန့် သရုပ်ပြကစားခဲ့ရာ အနီရောင်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဒုတိယပွဲစဉ်

ဒုတိယပွဲစဉ်၌ မြန်မာ့ဘောလုံးအသင်းအတွက် ရွေးချယ်ထားသော ဘောလုံးသမားများကို နှစ်သင်းခွဲပြီး ၄၅မိနစ်ခန့် ကစားစေခဲ့ရာ နာကာတာက အဖြူရောင်အသင်းဘက်မှ ပါဝင်ကစားပေးခဲ့သည်။ အဖြူရောင်အသင်းတွင် စိုးမြတ်မင်း၊ နာကာတာ၊ **(ဂိုး)** အောင်အောင်ဦး၊ မင်းသူ၊ ကျော်ခိုင်ဝင်း၊ ကျော်ဇေယျာဝင်း၊ ဖိုးလပြည့်၊ စိုးလင်းထွန်း၊ ထွန်းထွန်းဝင်း၊ ရန်ပိုင်၊ ထူးကျော်တို့ ပါဝင်ကစားသည်။

အနီရောင်အသင်းတွင် **(ဂိုး)** ကျော်ဇင်ထက်နှင့်အတူ ခင်မောင်လွင်၊ ဇော်လင်းထွန်း၊ ဇော်ထက်အောင်၊ ဟန်ဝင်းအောင်၊ မိုးဝင်း၊ မျိုးမင်းထွန်း၊ အောင်မျိုးသန့်၊ လှအေးထွေး၊ ကျော်သီဟနှင့် စည်သူသန်းတို့ ပါဝင်ကစားခဲ့သည်။ ထိုပွဲတွင် အနီရောင်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပန်းစည်းပေး

ဘောလုံးပွဲများ ကစားပြီးတိုင်း နာကာတာက ပရိသတ်များကို သူ့အား လက်ဆောင်ပေးသော ပန်းစည်းများဖြင့် ပြန်လည်ပစ်ပေးခဲ့ရာ ပရိသတ်များ လုယူခဲ့ကြသလို သူဝတ်ထားသည့် အားကစား ဂျာစီအင်္ကျီကိုလည်း ပရိသတ်ထံသို့ ပစ်ပေးခဲ့သဖြင့် ပရိသတ်များ အလုအယက် ဝိုင်းယူခဲ့ကြသည်။ မြန်မာဘောလုံးပရိသတ်များ နာကာတာကို ဝိုင်းပြီး အားပေးခဲ့ကြသည်မှာ ကြည်နူးဖွယ်ရာပင်ဖြစ်သည်။

ဖြေကြား

သရုပ်ပြဘောလုံးပွဲ ကစားပြီးနောက် မီဒီယာသမားများနှင့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာ နာကာတာက မီဒီယာသမားများ၏ မေးမြန်းမှုများကို

သုဝဏ္ဏ လူငယ်အားကစားလေ့ကျင့်ရေးကွင်းသို့ ရောက်ရှိလာသော နာကာတာအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် ကြိုဆိုခေါ်ဆောင်လာစဉ်။

ဖြေကြားခဲ့သည်။ ပထမဦးစွာ မြန်မာနိုင်ငံသို့ လာရောက်နေထိုင်လည်ပတ်ခဲ့သည့်ကာလနှင့် အလည်အပတ် ခရီးစဉ်ကို မေးမြန်းရာတွင် “ကျွန်တော် သီတင်းတစ်ပတ်ကြာ နေထိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံအလယ်ပိုင်းမြို့တွေကိုလဲ အလည်အပတ်သွားရောက်ခဲ့ပါတယ်။ ရန်ကုန်မှာ နေရတာတော့ အဆင်ပြေပါတယ်။ ကျွန်တော့် သူငယ်ချင်း ဦးဇော်ဇော်လဲ ရှိလို့ပါ” ဟု နာကာတာက ပြောကြားသည်။

ရိုးမားအသင်း

ဘောလုံးကစားခဲ့စဉ်က မည်သည့်အသင်း၌ ပို၍ ကစားရမှု ကောင်းသည်နှင့် မည်သည့်ဘောလုံးသမားနှင့် တွဲကစားရတာ စိတ်တိုင်းကျသည် မေးခွန်းနှင့်ပတ်သက်၍လည်း “ရိုးမားလို အသင်းကောင်းနဲ့ ကစားရတာကောင်းသလို အသင်းငယ်တွေနဲ့ကစားရတာလဲ ကောင်းပါတယ်။ အားထုတ်ရမှုက အတူတူပါပဲ။ ကစားသမားထဲမှာ တွဲကစားရတာကတော့ မွန်တဲလားနဲ့ကစားရတာအကြိုက်ဆုံးပါပဲ” ဟု ဖြေကြားသည်။

ဆက်လက်၍ မြန်မာ့ဘောလုံးသမားများနှင့်ပတ်သက်၍ အမြင်ကို မေးမြန်းရာ နာကာတာက **“ကျွန်တော် အခု ကစားရတဲ့ အချိန်လေးအတွင်းမှာ သတိထားမိတာက မြန်မာဘောလုံးသမားတွေအနေနဲ့ လေ့ကျင့်မှု၊ ကြိုးစားမှု ရှိကြတယ်၊ ဒါပေမယ့် ဘောလုံးကို အာရုံစိုက်လွန်းနေတယ်၊ သုံးဖက်သုံးတန်ကို မကြည့်ကြဘူး၊ ဘယ်လိုဘောလုံးဖြန့်ဝေပေးရင် အကောင်းဆုံးဖြစ်မယ်ဆိုတာ သိပ်ပြီး မကြည့်ဘူးဖြစ်နေတယ်၊ ဘောလုံးကို ချဲ့ပြီး ထုတ်ပေးတာတို့၊ လွတ်နေတာကို အချိန်ကိုက်မပေးတာတို့အပြင် လျှင်မြန်မှုလဲ ဒီထက် လိုအပ်နေသေးတယ်လို့ မြင်ပါတယ်”** ဟု ဖြေကြားသည်။

ဘောလုံးအထိန်းအသိမ်း

တစ်ဖန် **“ဘောလုံး အထိန်းအသိမ်း ဒီထက်ပိုကောင်းပြီး အပေးအယူလဲ ဒီထက် မြန်ဆန်လာမယ်ဆိုရင် မြန်မာဘောလုံးအသင်းဟာ မကြာခင်မှာ အသင်းကောင်းတစ်သင်း ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်”**ဟုလည်း နာကာတာက ဆက်လက်ပြောကြားသည်။

ဘောလုံးသမားကောင်းတစ်ဦးဖြစ်ရန် မည်သည့်အချက်များ လိုအပ်သည်နှင့်ပတ်သက်၍လည်း “ကိုယ်တိုင်ဘာလိုအပ်နေတယ်ဆိုတာကို သိနေဖို့လိုတယ်၊ သိပြီး ပြုပြင်ကြိုးစားရမယ်၊ ကိုယ်ဘာလိုအပ်နေတာကိုမှ မသိရင်တော့ သင်ပြနေလဲ အလကားဖြစ်နေမှာပေါ့” နာကာတာက ရှင်းပြသည်။

အင်္ဂလန်အသင်း

ထို့အပြင် နာကာတာ အနေဖြင့် ကမ္ဘာပေါ်တွင် အကြိုက်ဆုံးအသင်းမှာ အင်္ဂလန်အသင်းဖြစ်ကြောင်း၊ လျင်မြန်မှု၊ ကြံ့ခိုင်မှုများနှင့် နည်းစနစ်ပိုင်းများ ကောင်းမွန်ကြောင်း ပြောကြားခဲ့သလို ဂျပန်ဘောလုံးအသင်း လက်ရွေးစင်ဘဝမှ အနားယူခဲ့ခြင်းမှာ အကြောင်းအချက်များစွာရှိပါကြောင်း၊ တစ်ချက်နှစ်ချက်နှင့် ပြည့်စုံမည် မဟုတ်ပါကြောင်း၊ မိမိအနေဖြင့် ဘောလုံးကို ပြန်လည်ကစားတော့မည် မဟုတ်ကြောင်း၊ သို့သော်လည်း သေသေချာချာလေ့ကျင့်ပြီး မြန်မာနိုင်ငံသို့ တစ်ခါလောက် လာရောက်ကစားဦးမည်ဖြစ်ပါကြောင်း ပြောကြားသွားသည်။

အံ့သြဝမ်းသာ

မြန်မာ ဘောလုံးပရိသတ်များ ယခုကဲ့သို့ သူ့အားလာရောက် အားပေးမှုကို သူအံ့သြဝမ်းသာရပါကြောင်း၊ ဤမျှ များပြားလိမ့်မယ်လို့ မထင်ပါကြောင်း၊ သုဝဏ္ဏကွင်းသည် ကစားရတာကောင်းပါကြောင်း မှတ်ချက်ပြုပြောကြားသွားသည်။

ဂျပန် လက်ရွေးစင်ဟောင်း နာကာတာနှင့် မီဒီယာများ တွေ့ဆုံရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဘာသာပြန်ကူညီကာ ဝိုင်းပြီးပြောကြား ပေးခဲ့သည်။ မီဒီယာသမားများနှင့် တွေ့ဆုံမှုအပြီးတွင် အပြင်ဘက်၌ နာကာတာအား နှုတ်ဆက်ရန် စောင့်ဆိုင်းနေကြသော ပရိသတ်ကြီးကလည်း မနည်းလှချေ။ နာကာတာမှာ ဇွန် ၈ရက် **(ယနေ့)** ၌ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားမည်ဖြစ်ကြောင်း သတင်းမြင်ကွင်း ရေးသားတင်ပြလိုက်ပါသည်။ ။

(မြန်မာ့အလင်း)

နာကာတာ ပါဝင်ကစားသော သရုပ်ပြပွဲသို့ ပရိသတ်များ ဤသို့ တစ်ခဲနက် လာရောက်အားပေးကြည့်ရှုခဲ့ကြသည်။

“ဘောလုံးအထိန်းအသိမ်း ဒီထက် ပိုကောင်းပြီး အပေးအယူလဲ ဒီထက် မြန်ဆန်လာမယ်ဆိုရင် မြန်မာဘောလုံး အသင်းဟာ မကြာခင်မှာ အသင်းကောင်း တစ်သင်း ဖြစ်လာမယ်လို့ ယုံကြည်ပါ တယ်”

ထိရောက်မှုအရှိဆုံးနှင့် အမြန်ဆုံးသက်သာပျောက်ကင်းစေမှာ

FLUZA Tab.

A Quality Product from Korea Pharma Co. Ltd.

တုပ်ကွေး အအေးမိ ဖျားနာ

MARKETED BY : PACIFIC PHARMACEUTICAL PTE. LTD.
Tel : (01) 249588, 249591~3, (02) 30040

အမည်ပြောင်း

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဦးဖိုး လမ်းအမှတ် ၂၅–၂/ခနေ အဖ ဦးဖေခင်ထူး ၏သား အထက–၂(ဒဂုံ)တက္ကသိုလ်ဝင်တန်း (ခ)တွင်ပညာသင်ယူနေသော မောင်အောင်နဲ့ ကျော်အားမောင်အောင်ကျော်ကိုထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ကျော်ကိုထက်။**

For 2007 NovemberExam Series LCCI Accounting Course သင်တန်းစတင်ဖွင့်လှစ်မည့်နေ့. . . .

Since 1986 KMD Computer Centre

Level I + II (Book-keeping & Accounts)

LCCI Level I + II
10 June, 2007 (Sat-Sun) 9:30 to 12:30

Duration (5) Months

- တတ္တသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူတိုင်းတက်ရောက်နိုင်သည်။
- နိုင်ငံတကာအသိအမှတ်ပြု LCCI စာရင်းကိုင်သင်တန်း ကိုတက်ရောက်ခြင်းအားဖြင့် စီးပွားရေးလုပ်ငန်းများတွင် စာရင်းထိန်းသိမ်းထားနိုင်ရန် နှင့် အရှုံးအမြတ်၊ အရောင်းအဝယ်စာရင်းများကို လအလိုက်၊ နှစ်အလိုက် ရေးဆွဲနိုင်မည်။
- ဆရာဦးစင်ကျော် B.Com., R.L ကိုယ်တိုင်ဦးစီးသင်ကြားပါမည်။
- သင်တန်းပြီးဆုံးပါက KMD မှပေးအပ်သော Certificate ကိုရရှိပါမည်။
- လန်ဒန်မြို့အခြေစိုက် LCCI မှ ကျင်းပသောစာမေးပွဲဖြေဆို အောင်မြင်လျှင် LCCI မှ Certificate ကိုရရှိပါမည်။

၅၅၀–၅၅၂၊ ကုန်သည်လမ်းနှင့် (၃၆)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၁–၃၈၀၁၀၃၅၊ ၃၈၀၇၇၆၊ ၃၈၀၁၂၈၊ ၂၄၉၁၅၅

နိုင်ငံတကာ စံချိန်စံညွှန်းအဖွဲ့၏ ISO 9001:2000 အရည်အသွေးစီမံခန့်ခွဲမှုလက်မှတ်ရ

ဦးသာရင် သွက်ချာပါဒလေလင်းဆေးပြား

လေဖြတ်၊ လေငန်းရောဂါကိုကုသခြင်း၊ ကြိုတင်ကာကွယ်ခြင်း နှင့် လေရောဂါများအတွက် သောက်သုံးနိုင်ပါသည်။

ဦးသာရင်ဆေးတိုက် အမှတ်(၁၃၀ /၆)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၅၄၈၈၇၄၊

၀၅၀၇ YR၀၁၅၂၀
၁၀/၂၀၀၅ တဆထလ /တိုး(၁၀၉)

SGS UKAS Certificate TH06/0850.0QM

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၆ လမ်း၊ အမှတ် ၁၅၁၊ တတိယထပ်နေ ရှာမွန်ကွန်း–ခင်ခင်ရီတို့၏ ဒုတိယသား အမေရိကန်နိုင်ငံ 920 Malcolm Ave. Los Angeles, CA 90024 နေ

မောင်ထွန်းဝင်း

နှင့်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၅ လမ်း၊ ၇ ရပ်ကွက်၊ အမှတ် ၁၄၄၊ ဒုတိယထပ်(ယာ)နေ ဦးမောင်ချစ်–စောဟိုဟောင်(ခ)ဒေါ်အေးအေးတို့၏သမီးကြီး မနှင်းသီတာဝင်း၊ မောင်ပြည့်ဟိန်းကျော်တို့၏အစ်မ

မစန္ဒာလင်း

တို့ကို ၅–၆–၂၀၀၇ရက်၌ ဂုဏ်သရေရှိလူကြီးများရှေ့တွင် နှစ်ဖက်သောမိဘဆွေမျိုးများက Western Park(2) Restaurant မင်္ဂလာခန်းမတွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ထွန်းဝင်း–မစန္ဒာလင်း။

---

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာဆုတောင်း

ကျေးဇူးရှင်ဖေဖေ **ဒုတိယရဲမှူးမြင့်သန်း** (ကျွန်းလှမြို့နယ် ရဲတပ်ဖွဲ့မှူး)–မေမေ **ဒေါ်ကြည်ကြည်မာ** တို့၏ ၈–၆–၂၀၀၇ရက်တွင်ကျရောက်သော ငွေရတုရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုသို့တိုင်အောင် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ၍ ပျော်ရွှင်ခြင်းများဖြင့်ပြည့်စုံနိုင်ပါစေ။

သားကြီး – မောင်အောင်မြတ်ထွန်း Second Year(Eco)
သားငယ် – မောင်အုပ်စိုးထွန်း First Year(Law)

ဆရာညွှန့်ဝေမိုး စီစဉ်တည်းဖြတ်သော

အပတ်စဉ် သောကြာနေ့တိုင်းထုတ်ဝေသည်။

PRIME

အခြေခံပညာအလယ်တန်းဆင့် အင်္ဂလိပ်စာလမ်းညွှန်ဂျာနယ်

Grade 6, 7, 8, 9 တို့တွင် သင်ကြားရေးအတွက်ဖြစ်စေ– အခန်းဆုံးလေ့ကျင့်ခန်း (သို့) ပြန်လှန်လေ့ကျင့်ခန်းအဖြစ် လေ့လာရန်အတွက်ဖြစ်စေ အသုံးပြုနိုင်မည့် ရေးဖတ်ပြောအင်္ဂလိပ်စာသင်ခန်းစာများ။
အင်္ဂလိပ်စာအခြေခံကို လေ့လာသင်ယူလိုသူများအတွက်ပါ လက်စွဲဖြစ်သည်။
၂၀၀၇–၀၈ စာသင်နှစ်အတွက် စတင်ထွက်ရှိလာပါပြီ။
စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၆၇၊ ၁၆၄ လမ်း၊ တာမွေစာတိုက်၊ ရန်ကုန်။ ၅၄၂၈၇၃၊ ၇၂၆၆၂၄

MYANMAR IVANHOE COPPER COMPANY LIMITED
(TENDER NOTICE)

TENDER. IFB No. BIG-07 (Supply of Bottled Industrial Gases Services)
Supply and delivery of Bottled Industrial Gases, required for the operation at mine site in Monywa, Myanmar.

CLOSING DATE & TIME **21st June 2007**

Tender documents are available at the following address and queries can be done between 10 am to 4pm at MICCL Yangon office before the tender closing date.

Myanmar Ivanhoe Copper Company Limited
70 (I) Bo Chein Street, Pyay Road, Hlaing Township
Yangon, Myanmar (Tel: (95) 1 514194 to 7/ Fax: (95) 1 514208/ Email: miccl@miccl.com.mm)

ဝယ်လိုရောင်းလိုသည်

၁။ လှိုင်၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ လမ်းသွယ် ၂၊ ၃၊ ၄ရှိ လုံးချင်းမြေကွက်ဝယ်လိုသည်။
၂။ ကမာရွတ်၊ မြကန်သာအိမ်ရာ၊ 2F၊ ပြင်ဆင်ပြီး ထောင့်ခန်းရောင်းလိုသည်။
ဆက်သွယ်ရန် – ဖုန်း–၆၆၃၉၅၄၊ ၀၉–၅၀၂၀၃၀၈။

PANDA

- ➢ လေအေးပေးစက်
- ➢ ရေခဲသေတ္တာ
- ➢ အဝတ်လျှော်စက်
- ➢ Boiler ရေပူရေအေးစက်
- ★ ရောင်းဝယ်၊ ပြုပြင်၊ တပ်ဆင်ဆောင်ရွက်ခြင်း။
- ★ အိမ်အရောက်ဆောင်ရွက်ပေးပါသည်။
- ★ ဖုန်းဆက်လိုက်ပါ – 09-5158803 09-5198402 373531

ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)
ဂုဏ်ပူဇော်ပွဲ၊ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားဖိတ်ကြားလွှာ

ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၇ခုနှစ် ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ ဂုဏ်ပူဇော်ပွဲ၊ နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အောက်ပါအတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် – ၁၃၆၉ခုနှစ် နယုန်လပြည့်ကျော် ၁၁ ရက်
၁၀–၆–၂၀၀၇ရက် (တနင်္ဂနွေနေ့)
အချိန် – ညနေ ၃ နာရီ
နေရာ – နှင်းဆီကုန်းဘိုးဘွားရိပ်သာ

အလုပ်အမှုဆောင်အဖွဲ့
ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဒ/၃၃၄၉ (Toyota Hilux P/U) ယာဉ်လက်ဝယ်ရှိသူအမည် ဦးမြင့်စိုး မှတ်ပုံတင်အမှတ် ၁၂/ဗဟန(နိုင်)၀၂၇၆၁၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊(အရှေ့ပိုင်းခရိုင်ရုံး)၊ရန်ကုန်မြို့။

ဖခင်အမည်မှန်

အလက(၁) ဗဟန်း အဌမတန်း (A)မှ မအိအိအောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်မြင့် ဖြစ်ပါသည်။

ဦးမောင်မောင်မြင့်။

အမည်ပြောင်း

အဖ ဦးမောင်မောင်ခိုင်၏သား အထက(၃)ပန်းဘဲတန်း တက္ကသိုလ်ဝင်တန်းမှ မောင်ရဲဖြိုးခိုင်အား ယနေ့မှစ၍ မောင်ရွှေဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရွှေဖြိုး။

အမည်ပြောင်း

အဖ ဦးထွန်းဝင်း၏သား အထက (၃) မ/ဒဂုံ၊ န၀မတန်း(J)မှ မောင်အာကာမင်းအား မောင်အာကာမင်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်အာကာမင်းမြတ်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်မောင်ဦး၏ PP–၄၁၀၁၁၂မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

မောင်မောင်ဦး
ဖုန်း–၂၇၂၀၈၂။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးသက်နိုင်ဦး၏ (4) Ticket (CDC-9570) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်နှင့် ကျေးဇူးဆပ်ပါမည်။

ဖုန်း–၅၄၆၂၂၈။

ကျေးဇူးဆပ်ပါမည်

ကျွန်မ၏ နိုင်ငံကူးလက်မှတ်အမှတ် ၆၈၇၃၂၉ ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်ပေးပို့ပါ။

မချိုချိုဝင်း
ဖုန်း–၅၄၉၂၆၁။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကိုကျော်စိုးမိုး မှတ်ပုံတင်အမှတ် ၉/မရတ(နိုင်)၀၆၈၆၅ မှာ ၄–၆–၂၀၀၇ရက်တွင် ယုဇနပလာဇာ(အနောက်ဘက်) စံပယ်လမ်းအနီး၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ အကြောင်းကြားပေးစေလိုပါသည်။ **ဖုန်း–၃၈၄၁၃၁၊ ၂၄၁၀၂၉။**

အနန္တမေတ္တာသိမ်တော် တည်ဆောက်ရေးလှူဒါန်းနိုင်

ရန်ကုန် ဇွန် ၇

ကျိုက်မရောမြို့ အတ္တရံမြို့ သစ်ရှိ မေတ္တာကမ္မဋ္ဌာန်းကျောင်း အတွင်းတွင် (ဦးချစ်လှ)အား ရည်စူး၍ ဇနီး ဒေါ်တင်သိန်းက ငွေကျပ်၁၀သိန်း မတည်ကာ အနန္တမေတ္တာမင်္ဂလာသိမ်တော်ကြီးကို တည်ဆောက်လျက်ရှိသည်။ အဆိုပါသိမ်တော်ကြီး အောင်မြင်ပြီးမြောက်စွာ တည်ဆောက်နိုင်ရန်အတွက် ရပ်နီးရပ်ဝေးမှ ဒါယကာ ဒါယိကာမများ ပါဝင်လှူဒါန်းနိုင်ကြရန် မေတ္တာကမ္မဋ္ဌာန်းကျောင်း ဆရာတော်က နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ဝယ်ယူလိုပါသလား/ရောင်းလိုပါသလား

လူကြီးမင်းတို့ထံမှ မော်ဒယ်အနိမ့် တီဗွီအဟောင်းများကို မော်ဒယ်အမြင့် တီဗွီအသစ်များဖြင့် လဲလှယ်လိုပါသလား

ရွှေပြည့် တီဗွီ၊ရေခဲသေတ္တာ ရောင်းဝယ်ရေး

အမှတ်(၂၃၄)၊ဘားလမ်း(အထက်ဘလောက်)၊ရန်ကုန်မြို့။
Ph:378113,372404,09-51-39877 သို့အရောက်ကြွလုပ်ခဲ့ပါ။
Auto Voltage TV အဟောင်းများကိုလည်း(၃)နှစ်အာမခံဖြင့်လဲလှယ်ရောင်းချပေးနေပါပြီ

ဆိုင်ခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

Million Coins Cafe' Yangon International Hotel Branch အား ဗိုလ်မင်းခေါင်လမ်းနှင့် ဂျူးဖြူလမ်းထောင့် တိရစ္ဆာန်ရုံ Gate(2) နှင့် မျက်နှာချင်းဆိုင် Suzuki Showroom ဘေး (ယခင်) Thai Food ဆိုင်ဟောင်းသို့ ၅–၆–၂၀၀၇ရက်မှစ၍ ပြောင်းရွှေ့ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း မိတ်ဟောင်း မိတ်သစ်များအား အကြောင်းကြားအပ်ပါသည်။

June လ တစ်လလုံး 10% Discount ပေးပါမည်
Car Parking အတွက် နေရာသီးသန့်စီစဉ်ထားပါသည်။

နည်းပညာဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၇

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း(MCPA)က ကြီးမှူး၍ "Carrier Development with J2EE" ခေါင်းစဉ်ဖြင့် နည်းပညာဆိုင်ရာ ဟောပြောပွဲကို ဇွန်၉ရက် နံနက် ၈နာရီခွဲမှ ၁၁နာရီခွဲအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်အဆောက်အအုံရှိ ပင်မဆောင်အခန်း ၂၀၅၌ကျင်းပမည်ဖြစ်ရာ မလေးရှားနိုင်ငံ CSE Multimedia Technology Sdn. Bhd မှ J2EE Software Architect ဒေါ်ကြည်ကြည်ခိုင်က ဟောပြောမည်ဖြစ်သည်။

အဆိုပါ ဟောပြောပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ IT ပညာရှင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ပြီး အသေးစိတ်သိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်းအဆောင်၄ အခန်း၄ ဖုန်း–၆၅၂၂၇၆ သို့ဆက်သွယ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

ပခုက္ကူမြို့၌မီးလောင်

ရန်ကုန် ဇွန် ၇

မကွေးတိုင်း ပခုက္ကူမြို့ ၁၅ရပ်ကွက် စပယ်လမ်း၌ ဇွန် ၅ရက် ည ၁၁နာရီခွဲခန့်တွင် ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားပြီး နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးကာ အိမ်ထောင်စုနှစ်စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သံတောင်မြို့နယ်၌သောင်းကျန်းသူထောင်ထားသော မိုင်းနင်းမိသဖြင့် ပြည်သူတစ်ဦးထိခိုက်ဒဏ်ရာရရှိ

ရန်ကုန် ဇွန် ၇

သံတောင်မြို့နယ် သပြေညွန့်ကျေးရွာနေ မောင်ကျော်စိုးမိုးသည် ဇွန် ၅ရက် နံနက် ၇နာရီက ရွာမြောက်ဘက်ရှိ ဝါးရုံတောအတွင်း ဟင်းသီးဟင်းရွက်ရှာဖွေရန်သွားရောက်စဉ် အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် ဝဲဘက်ဒူးအောက်ပိုင်း ပြတ်တောက်ဒဏ်ရာရရှိသွားကြောင်း၊ လူနာအား တောင်ငူမြို့နယ်ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်သိမ့်ဆွေးနွေး ကူညီပေးခြင်း (ကောင်ဆယ်လင်း)

လွန်ခဲ့သော ဆယ့်ငါးနှစ်ကာလက သက်ဆိုင်ရာ ဦးစီးဌာနတစ်ခုမှာ နှစ်သိမ့်ဆွေးနွေးကူညီပေးခြင်း လုပ်ငန်းလုပ်ဖို့ တာဝန်ကျလာချိန်မှာ ဘာသာရပ်ဆိုင်ရာ လေ့လာခြင်း၊ ဝန်ဆောင်မှုပေးရခြင်း၊ သင်တန်းပေးရခြင်းတွေကို တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ရတယ်။ အဲသည် အချိန်တုန်းက ဆေးကျောင်းမှာ သင်ယူခွင့်မရခဲ့ဘူးတဲ့ ဘာသာရပ်ကို လုပ်ငန်းခွင်မှာ သင်ယူလေ့ကျင့် ပြန်လည်ပို့ချရင်း နှစ်တွေကြာကြာ ဆောင်ရွက်လာခဲ့ရပါတယ်။ ယခုအခါမှာ ပြည်သူ့ကြားက ပြည်သူတစ်ယောက်အနေနဲ့ လူ့ဘောင်အသိုင်းအဝိုင်းတွင်းက လူသားတစ်ယောက်အနေနဲ့ နှစ်သိမ့်ဆွေးနွေး ကူညီပေးခြင်းအလုပ်ကို ပြည်သူ့ကြား လူ့ဘောင်အသိုင်းအဝိုင်းတွေရဲ့ကြားမှာ ဆက်လက်ရှင်သန်စေခဲ့ပြန်ပါတယ်။

ဒီလုပ်ငန်းကြီး ဘယ်တုန်းကတည်းက ကျွန်မရင်ထဲမှာ အမြစ်တွယ်လာလည်းဆိုတာကို တိုင်းတာလို့ရသလို လူ့ဘောင်အသိုင်းအဝိုင်းကြားမှာရော ဘယ်အချိန်ကတည်းက စခဲ့လည်းဆိုတာကို လေ့လာခဲ့ဖြစ်ပါတယ်။ ဘီစီ ၄၀၀ လောက်ကစခဲ့ပြီး ယနေ့အထိ သက်ဆိုင်ရာ လူမှုရေးနယ်ပယ်တွေ၊ ကျန်းမာရေးနယ်ပယ်တွေ စတဲ့ နယ်ပယ်မျိုးစုံတွေမှာ ဆက်လက်ဖွံ့ဖြိုးနေဆဲဆိုတာကို မြင်တွေ့ခွင့်ရလိုက်ပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးက တစ်ရာမကသော အတွေးအခေါ် ပညာရှင်တွေ၊ သိပ္ပံပညာရှင်တွေ၊ အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေဟာ အတွေးအခေါ်တွေ၊ သီအိုရီတွေ၊ လက်တွေ့လေ့လာမှုတွေ၊ လုပ်ငန်းဆောင်ရွက်မှုတွေ၊ သုတေသန လုပ်ငန်းတွေအပေါ်မှာ အခြေပြုပြီး ဆက်လက် ဆန်းသစ်တီထွင်ရင်း လူသားတွေရဲ့ကြားမှာ ကောင်ဆယ်လင်းလို့ခေါ်တဲ့ နှစ်သိမ့်ဆွေးနွေးကူညီပေးခြင်း ဘာသာရပ်ကြီးကို ရှင်သန်ဖွံ့ဖြိုးစေခဲ့ပါတယ်။

အချင်းချင်း သဟဇာတမမျှနိုင်တဲ့ ပြဿနာတွေ၊ အခက်အခဲတွေ၊ လူတွေမှာဖြစ်ပေါ်နေတဲ့ သဘောထားဆိုင်ရာ၊ ကိုယ်ရည်ကိုယ်သွေးဆိုင်ရာ ပြဿနာတွေ၊ အခက်အခဲတွေ၊ အတွေးအခေါ်ဆိုင်ရာ ပြဿနာတွေ၊ အခက်အခဲတွေ၊ စိတ်ခံစားချက်တွေ၊ စိတ်ဖိစီးမှုတွေ၊ ပြောင်းလဲဖို့လိုတဲ့ အပြုအမူဆိုးတွေ၊ အကျင့်ဆိုးတွေ၊ အသုံးချရန် ကိုယ်ပိုင်စွမ်းအင်တွေရှိပါလျက် အသုံးမချနိုင်သူတွေဟာ မိသားစုအတွင်း လူ့ဘောင်ပတ်ဝန်းကျင်တွင်းမှာ ကြုံတွေ့နေရမြဲ ကိစ္စရပ်များ ဖြစ်ကြပါတယ်။ ဒီလိုပြဿနာတွေဟာ တစ်ခါတစ်ရံ မိမိကိုယ်မိမိ ထိခိုက်နစ်နာဆုံးရှုံးမှု ဖြစ်သလို တစ်ခါတစ်ရံ မိမိပတ်ဝန်းကျင်၊ မိမိ အသိုင်းအဝိုင်းရဲ့ လူနေမှုစနစ်တွေ၊ တန်ဖိုးထားမှုတွေ၊ ယဉ်ကျေးမှုတွေကိုအထိ ထိခိုက်စေနိုင်ပါတယ်။

Sigmund Freud (၁၉၀၀)၊ Alfread Adler (၁၉၂၀)၊ Carl Jung (၁၉၂၀)တို့ကလည်း သူတို့ဖွင့်လှစ်တဲ့ ကျောင်းတွေမှာ အစဉ်အလာရှိတဲ့၊ အဆင့်အတန်းမြင့်တဲ့ ကောင်ဆယ်လင်း သီအိုရီတွေကို ဖွင့်ဆိုဖော်ထုတ်ခဲ့ကြပါတယ်။ အဲဒီ သီအိုရီတွေထဲမှာ လူတွေရဲ့ ကိုယ်ရည်ကိုယ်သွေးတွေ၊ စိတ်ပိုင်းဆိုင်ရာတွေ၊ အပြုအမူတွေအပေါ်မှာ အခြေပြုပြီး ကောင်ဆယ်လင်းပြုလုပ်လို့ရတဲ့ နည်းလမ်းတွေအကြောင်းကို တီထွင်ဖော်ထုတ်ခဲ့ပြီး ယနေ့အထိ ကိုးကားဆောင်ရွက်လျက် ရှိပါတယ်။

ယနေ့ပေါ်ပေါက်နေတဲ့ လူမှုရေးနဲ့ ယှဉ်တွဲဖြစ်ပေါ်နေတဲ့ ကျန်းမာရေး ပြဿနာတွေကို Carl Roger (၁၉၆၁)နဲ့ Steve de Shazer (၁၉၈၅)တို့ရဲ့ သီအိုရီတွေဖြစ်တဲ့ လူတွေဟာ သူတို့အတွေ့အကြုံ၊ သူတို့ခံယူချက်တွေနဲ့ သူတို့ပတ်ဝန်းကျင်အပေါ်မှာ တုံ့ပြန်ကြတာကို အခြေခံပြီး ခံစားနေရတဲ့ သူကိုပဲ အဓိကထားပြီး ရှင်းတဲ့နည်းစနစ် ဖြေရှင်းမှုပုံစံတွေကိုလည်း အသုံးပြုလျက် ဆောင်ရွက်နေကြပါတယ်။ ကောင်ဆယ်လင်းလုပ်ငန်းဟာ လူမှုရေးအခက်အခဲတွေကို ကူညီဖြေရှင်းပေးတဲ့ ပညာရပ်တစ်ခု ဖြစ်တာကြောင့် လူ့ဘောင်အသိုင်းအဝိုင်းဆိုတာ ရှိနေသမျှ ဘယ်အသိုင်းအဝိုင်းမှာမဆို ကောင်ဆယ်လင်းလုပ်ရန် လိုနေတဲ့ လူတွေရဲ့ အခက်အခဲတွေကို လေ့ကျင့်ထားပြီးဖြစ်တဲ့ ကူညီပေးသူ ကောင်ဆယ်လာက ထိရောက်စွာ လမ်းပြပေးနိုင်မှာ ဖြစ်ပါတယ်။

အလွယ်ကူဆုံး ဥပမာတစ်ခုပေးရမယ်ဆိုရင် လမ်းမကြီးတစ်ခုပေါ်မှာ လူတွေလမ်းလျှောက်ပြီး ကိုယ်သွားလိုရာခရီးကို ဦးတည်သွားနေကြတယ်။ ဦးတည်ချက်ရှိကြပေမယ့် လျှောက်နေတဲ့လူတွေရဲ့ စိတ်ဓာတ်တွေ၊ စိတ်ခံစားချက်တွေ၊ အတ္တတွေ၊ ကိုယ်ရည်ကိုယ်သွေးတွေ၊ သဘောထားတွေ၊ အပြုအမူတွေ၊ အမူအကျင့်တွေ၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွေ၊ လူနေမှုအဆင့်အတန်းတွေ၊ အရည်အချင်းတွေ၊ အခက်အခဲတွေဟာ တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုမှ မတူညီနိုင်ပါဘူး။ လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုမှ မတူညီနိုင်ဘူးဆိုတာကို ၁၉၈၀ မှာ (Charles Darwin)က အဆိုရှိခဲ့ပါတယ်။

ဒေါက်တာအေးမြတ်လွင် (ဟသ်ာတ)

လမ်းလျှောက်နေကြတဲ့ လူတွေထဲမှာ လူတစ်ယောက်ဟာ နမော်နမဲ့ကြောင့်ပဲဖြစ်ဖြစ်၊ အကြောင်းတစ်ခုခုကြောင့်ပဲဖြစ်ဖြစ် လဲကျသွားမယ် ပြန်ထပြီး ချက်ချင်းပြန်လျှောက်နိုင်မယ် ဒါမှမဟုတ်လည်း အခြေအနေတစ်ရပ်ရပ်ကို ရင်ဆိုင်ပြီး လမ်းပြန်လျှောက်နိုင်စွမ်း ရှိမယ်ဆိုရင် အဲဒီလူကို နည်းတစ်ခုခုနဲ့ ကူညီပေးခြင်းဖြင့် လမ်းလျှောက်နေသူအများကြားမှာ ဘယ်သူဘယ်ဝါကိုမှ ထိခိုက်နစ်နာ နှောင့်ယှက်မှုမဖြစ်စေဘဲ ကိုယ့်စွမ်းကိုယ့်အားနဲ့ ပြန်လည်လမ်းလျှောက်လာနိုင်မှာ ဖြစ်ပါတယ်။ သူ့ကို လဲကျရတဲ့အကြောင်း၊ ပြန်ထလို့ရတဲ့နည်းလမ်း ပြန်လျှောက်လို့ရတဲ့ နည်းလမ်းတွေဟာ သူကိုယ်တိုင် ဆောင်ရွက်လို့ရတာကို သူကိုယ်တိုင် မြင်ပြီး သူကိုယ်တိုင် ဆောင်ရွက်လိုတဲ့ဆန္ဒနဲ့အတူ သူကိုယ်တိုင် လေ့ကျင့်ကြိုးစား ပြန်လျှောက်တဲ့အထိ ဘေးကနေ အသိပေးကူညီပေးတာမျိုးဖြစ်ဖို့ လိုအပ်ပါတယ်။ ကောင်ဆယ်လင်းပုံစံနဲ့ စနစ်တကျ နည်းမှန်လမ်းမှန် ကူညီပေးနိုင်ရင် ပြဿနာအခက်အခဲတွေဟာ ကိုယ်နဲ့ပတ်သက်တယ်လို့ နားလည် သဘောပေါက်ခွင့်ရပြီး ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့၊ ကိုယ့်ခွန်ကိုယ့်အားနဲ့ ရဲရဲတင်းတင်း ရင်ဆိုင်ဖြေရှင်းရင်း လူ့ဘောင်အသိုင်းအဝိုင်းမှာ ပြန်လည်ဝင်ဆံ့ လျှောက်လှမ်းလာနိုင်မှာ ဖြစ်ပါတယ်။

ကောင်ဆယ်လင်းလုပ်ပြီး ကူညီတယ်ဆိုတဲ့နေရာတိုင်းမှာ ပြဿနာဖြစ်နေကြတဲ့ ရှိရှိသမျှသောသူတိုင်းကို ကူညီလို့ မရနိုင်ပါဘူး။ ကောင်ဆယ်လင်းလုပ်ဖို့ တကယ်ပဲ လိုအပ်နေတဲ့ လူမျိုးလည်းဖြစ်မယ်၊ စနစ်တကျ နည်းလမ်းမှန်ကန်စွာနဲ့လည်း ကူညီပေးနိုင်မယ်ဆိုရင် အကူအညီ ရယူသူကိုယ်တိုင် ကိုယ်ရည်ကိုယ်သွေးတွေ တက်လာမယ်၊ ကိုယ်ပိုင် မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေချလာပြီး မှန်ကန်တဲ့လမ်းကြောင်းပေါ်မှာ ကိုယ်ပိုင်အင်အားတွေနဲ့ လျှောက်လှမ်းသွားနိုင်မှာ ဖြစ်ပါတယ်။

၁၉၉၉ခုနှစ်မှာ (Brammer) ဆိုတဲ့ ပညာရှင်က ကူညီတဲ့ ဖော်မြူလာ တစ်ရပ်ကို တင်ပြခဲ့ပါတယ်။ တကယ်ပဲ တိတိကျကျ မှန်မှန်ကန်ကန်နဲ့ အကျိုးရှိရှိကူညီနိုင်ဖို့ဆိုရင် ကူညီပေးမယ့်သူအနေနဲ့ စိတ်နေသဘောထား ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုတွေကို အရင်ဆုံးကောင်းအောင် လေ့ကျင့်ပျိုးထောင်ရပါမယ်။ တည်ဆောက်ရပါ့မယ်။ သည်တော့မှသာ ကိုယ်တကယ်ပဲ ကောင်ဆယ်လင်းလုပ်တဲ့ အချိန်မှာ ကောင်ဆယ်လင်းလုပ်ငန်းကို ပီပီပြင်ပြင် ထိထိမိမိ ပေးနိုင်မှာ ဖြစ်ပါတယ်။

လူ့ဘောင်လောကမှာ သက်ဆိုင်ရာ ယဉ်ကျေးမှုဓလေ့ထုံးစံတွေအရ လူအချင်းချင်းကူညီရင် အကူညီခံရသူက ကျေးဇူးတင်တတ်ကျမြဲဖြစ်ပါတယ်။ ကောင်ဆယ်လင်းလုပ်ပေးပြီး ကူညီလိုက်တဲ့ အခြေအနေမျိုးတွေမှာ ဘယ်လိုပဲဖြစ်ဖြစ် အကူအညီရယူသူက ကျေးဇူးတင်တတ်ကျမြဲဖြစ်ပါတယ်။ ဒါကြောင့် ကောင်ဆယ်လင်း တကယ်လုပ်ရန်လိုအပ်တဲ့ အခြေအနေမျိုးမှာ လုပ်ရပ်မမှန်ကန်ရင် ချက်ချင်းလက်ငင်းအနေနဲ့ အကျိုးရှိ၊ မရှိတွေ နောက်ဆက်တွဲ ပြဿနာတွေကို မမြင်သာပေမယ့် နောက်ပိုင်းမှာ တွေ့ကြုံလာနိုင်ပါတယ်။ နှစ်သိမ့်ဆွေးနွေးပေးသူကသာ မိမိလုပ်ရပ်မှန်ကန်ဖို့ အထူးလိုအပ်ပါတယ်။

နည်းလမ်းမှန်ကန်တဲ့ ကောင်ဆယ်လင်း ဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်ဖို့ရန်မှာ ကောင်ဆယ်လာတစ်ယောက်ရဲ့ အရည်အချင်းတွေ၊ ကိုယ်ရည်ကိုယ်သွေးတွေ တက်လာအောင်၊ နည်းစနစ်တွေမှန်ကန်အောင် လေ့ကျင့်ပျိုးထောင်ပေးကြရပါတယ်။ ကောင်ဆယ်လာ တစ်ယောက်ဖြစ်လာဖို့ လေ့ကျင့်ပျိုးထောင်ရာမှာ ပျိုးထောင်ပေးသူရော၊ ပျိုးထောင်ခံရသူရော နှစ်ဦးနှစ်ဖက်စလုံးရဲ့ ကြိုးစားအားထုတ်မှု ပျိုးထောင်တဲ့ နည်းလမ်းမှန်ကန်မှုတွေ လိုအပ်သလို စဉ်ဆက်မပြတ် လေ့ကျင့်အား ကောင်းဖို့နဲ့ ဘဝရဲ့ အတွေ့အကြုံတွေနဲ့ ပေါင်းစပ်ဆောင်ရွက်တတ်ဖို့ကို ၁၈၉၀မှာ ကောင်ဆယ်လင်းနဲ့ ပတ်သက်ပြီး သင်ကြားပို့ချပေးတဲ့ ကျောင်းကို စတင် ထူထောင်ဖွင့်လှစ်ခဲ့သူ (Jese Davis)က အဆိုရှိခဲ့ပြန်ပါတယ်။

အထက်ကဖော်ပြခဲ့သလို ကောင်ဆယ်လင်းပညာရပ်ရဲ့ ရာဇဝင်ကို ကြည့်ရင် စီးဆင်းနေတဲ့ ခေတ်ရေစီးကြောင်းနဲ့အတူ အခြေခံစနစ်တွေကို အမြဲထာဝရ စဉ်းစားလက်ကိုင်ထားရမလို နည်းပညာတွေရဲ့ ဆန်းသစ်မှုတွေကိုလည်း လေ့လာလိုက်စားရင်း အသုံးချ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လူ့ဘောင်အသိုင်းအဝိုင်းက ပြဿနာတွေကို ကူညီနေကြတဲ့ ကောင်ဆယ်လာတွေအနေနဲ့လည်း လိုက်နာရမယ့် ကျင့်ဝတ်တွေလည်း ရှိပြီးသား၊ ပြဋ္ဌာန်းပြီးသားဖြစ်တာမို့ တကယ်ပဲလိုက်နာ ကျင့်သုံးသွားကြမယ်ဆိုရင် အများသူငါ ယုံကြည်စွာနဲ့အားကိုးလာတဲ့ အောင်မြင်တဲ့ ဝန်ဆောင်မှုတစ်ခုအဖြစ် အမြဲထာဝရ ရပ်တည်နေမှာ ဖြစ်ပါတယ်။

ကောင်ဆယ်လာတစ်ယောက်အနေနဲ့ လူ့အသိုင်းအဝိုင်းဆိုတာ ရှိနေသမျှ ကိုယ့်ပတ်ဝန်းကျင် ကိုယ့်အသိုင်းအဝိုင်းမှာ အမြဲကူညီလို့ ပေးဆပ်လို့ရနေမြဲ ဖြစ်ပါတယ်။ ဒါကြောင့် စနစ်တကျ လေ့ကျင့်ပျိုးထောင် ပေးလိုက်ပြီးနောက်ပိုင်း ထိရောက်စွာ ရေရှည်ခိုင်ခံ့စွာ ရပ်တည်နိုင်ဖို့ အမြဲထာဝရ လေ့လာလိုက်စားနေဖို့ လေ့ကျင့်ရင်းကူညီ ကူညီရင်းလေ့ကျင့်နေဖို့ လိုအပ်ပါတယ်။ ဘယ်တော့မှ မတိမ်ကောမပပျောက်နိုင်တဲ့ ကူညီမှုတွေကို၊ လက်ထဲကို၊ ဦးနှောက်ထဲကို၊ အသည်းနှလုံးထဲကိုရောက်ပြီးမှ မကူညီတော့ရင် အချိန်ကုန် လူပန်းစိတ်ပန်းဖြစ်ကြရပြီး အချည်းနှီးဖြစ်သွားနိုင်တာမို့ ဘယ်နေရာ ဘယ်ရောက်ရောက် ရောက်တဲ့အရပ်မှာ လူတွေကို ကူညီနေဖို့ လိုအပ်ပါတယ်။

သုံး၍မကုန် ယူ၍မခန်း ကူ၍မခန်းတဲ့ သည်ပညာရပ်ကြီးကို လေ့လာရင်း ကူညီပေးလို့ရသလို ကူညီခံထိုက်သူများကလည်း သည်ဝန်ဆောင်မှုလုပ်ငန်းကြီးကို အသုံးချပြီး မိမိဘဝ မိမိတက်လမ်းများကို လှမ်းကိုင်နိုင်ကြမှာ အမှန်ဖြစ်ပါတယ်။ ။

နည်းလမ်းမှန်ကန်တဲ့ ကောင်ဆယ်လင်း ဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်ဖို့ရန်မှာ ကောင်ဆယ်လာတစ်ယောက်ရဲ့ အရည်အချင်းတွေ၊ ကိုယ်ရည်ကိုယ်သွေးတွေ တက်လာအောင်၊ နည်းစနစ်တွေမှန်ကန်အောင် လေ့ကျင့်ပျိုးထောင်ပေးကြရ။ ကောင်ဆယ်လာ တစ်ယောက်ဖြစ်လာဖို့ လေ့ကျင့်ပျိုးထောင်ရာမှာ ပျိုးထောင်ပေးသူရော၊ ပျိုးထောင်ခံရသူရော နှစ်ဦးနှစ်ဖက်စလုံးရဲ့ ကြိုးစားအားထုတ်မှု ပျိုးထောင်တဲ့ နည်းလမ်းမှန်ကန်မှုတွေ လိုအပ်သလို စဉ်ဆက်မပြတ် လေ့ကျင့်အား ကောင်းဖို့နဲ့ ဘဝရဲ့အတွေ့အကြုံတွေနဲ့ ပေါင်းစပ်ဆောင်ရွက်တတ်ဖို့လို။

စုပေါင်းသန့်ရှင်း

ပဲခူးတိုင်း သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ဈေးရုံများ ဆေးအသစ်သုတ်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးကို မေ ၁၀ ရက်က ဈေးတာဝန်ခံ ဦးငွေဝင်းနှင့် ဝန်ထမ်းများ၊ ဈေးအကျိုးဆောင်ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် ဈေးသူဈေးသားများ စုပေါင်း၍ ဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဝေက လိုအပ်ချက်များကို ဆောင်ရွက်ပေးစဉ်။ (၃၄၇)

ကျောက်ချောလမ်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဟော်ကန်(၃)လမ်း မြို့ပြလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို မေ ၈ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တ ညွှန်ကြားရေးမှူး ဦးခင်ကျော်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးသန်းလွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကိုဝင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

8-6 (15) 1 6/7/07, 2:34 PM

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာ ရဟန်းတော်များ၏ အဖွဲ့ပိုင်သုံးထပ် ကျောင်းတော်ကြီး(ဗုဒ္ဓဘာသာ ပညာရေး ဗိမာန်တော်ကြီး) အတွက် ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ၁၅လမ်း အမှတ် ၄၉နေ ဦးရင်မြင့်-ဒေါ်ကျင်နိုင် အား ရည်စူး၍ သမီးမသီတာက ကျောင်းအလှူငွေကျပ် တစ်သိန်းကို ကျောင်းဖြစ်မြောက်ရေးအကျိုးဆောင်ဥက္ကဋ္ဌ ဆရာတော်အရှင်ရာဇိန္ဒ (နာလန္ဒာ)ထံ လှူဒါန်းရာ အမှုဆောင်ဦးစိန်ဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်စဉ်။ (က-ပ)

အောင်မိုးဟိန်းလမ်း ကျောက်ချောခင်း

မိုင်းခတ် မေ ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းခတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများဆောင်ရွက်ခဲ့သော အောင်မိုးဟိန်းလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းကို မေ ၉ရက်က ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းတို့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်ကလုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်း ဟောင်း) အနောက်ဘက်တိုးချဲ့ မြေနှစ်ကေ ဝယ်ယူရန်နှင့် သာသနိက အဆောက် အအုံများ ဆောက်လုပ်ရန် အတွက် ဖခင် ဦးဝမ်တွ-မိခင် ဒေါ်ရှုလွမ်(ခ) ဒေါ်ကျင်လှတို့အား ရည်စူး၍ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဘုရင့်နောင် ဃ/၅၈-ဘီ ရေတမာလမ်း ဖော်ဇော်နိုင်သကြားပွဲရုံ မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် မြန်အောင်အရှင်ကောသလ္လ B.A (မွှောစရိယ) ဗုဒ္ဓဂယာထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အဘိုးဦးညီပု၊ အဘွားဒေါ်ဖွားရင်၊ အဘဦးရီ၊ အမိ ဒေါ်မြသန်းတို့အား ရည်စူး၍ သားသမီးများဖြစ်ကြသော ဒေါ်စုစုရီ၊ ဦးခင်မောင်စိုး၊ ဒေါ်လှဲ့လှဲ့ရီ၊ ဦးမြတ်စိုးရီ၊ ဒေါ်နုနုဆွေမိသားစု T-3 ရွှေအင်ကြင်းရိပ်မွန် သဃ်န်းကျွန်းမြို့နယ်က အလှူငွေကျပ်သုံးသိန်းကို ပြင်သစ်ဆရာတော် ကျွန်းနံ့သာအရှင်နန္ဒသိရီထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ခင်ဦးမြို့၌ မိုးသီးနှံ စီမံကိန်းတာဝန်ပေးအပ်

ခင်ဦး ဇွန် ၁

၂၀၀၇-၂၀၀၈ခုနှစ် မိုးသီးနှံ စီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၅ ရက် နံနက် ၁၀နာရီက ခင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်လွင် ကအဖွင့်အမှာစကားပြော ကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး ဦးတင်မြင့်က၂၀၀၇-၂၀၀၈ခုနှစ်မိုးသီးနှံ စီမံကိန်း တာဝန်ပေးအပ်ခြင်း ကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး ရပ်ကွက်၊ကျေးရွာအုပ်စုအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များအား ၂၀၀၇-၂၀၀၈ ခုနှစ် မိုးသီးနှံ စီမံကိန်း တာဝန်များပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များစုံညီစွာ တက်ရောက်ကြကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် နယုန်လပြည့်ကျော် ၁၀ ရက်
၉-၆-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

နေ့လယ်ပိုင်း

၀၉း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
(၁) ခိုင်မာလာနှင်းဆီ (ရန်အောင်၊ ရွှေရည်ဝင်းလက်)
(၂) ကိုကိုနောက်ပိုးညာ (တူးတူး၊ မေခလာ)
(၃) ပြင်လို့မရတဲ့အမှား (ရိန်မိုး၊ ခေမီကို)
၀၉း၄၅ အာဆီယံဉာဏ်စမ်းပဟေဠိ
၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ကျောက်ဆည်စက်မှုစက်ရုံမှ စက်ဘီးစက်ရုံအကြောင်း)
၁၁း၃၅ မေတို့ရေးရာ သိမှတ်စရာ (မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဝေဝေသာနှင့် ဆွေးနွေးခန်း)
၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၂း၁၀ ကလေးများအတွက် ပုံပြင် (ခိုကလေးတူလူ)
၁၂း၄၅ (၂၁)ရာစု လူမှုဝေါဟာရများ မိတ်ဆက်(အဋ္ဌမပိုင်း)(မောင်ဆုရှင်)

ညနေပိုင်း

၁၆း၁၀ သိမှတ်စရာ မြန်မာစကား၊ မြန်မာစာ (ရှေးဦးမြန်မာ စစ်သီချင်း-မောင်ခင်မင်-ဓနုဖြူ)
၁၇း၁၅ ခေတ်ဟောင်းတေး
(၁) ဆုထူးရွှယ် (ဦးဘညွန့်)
(၂) မြကေခိုင် (မေရှင်)
(၃) လှမဋ္ဌူ (ဦးသုခ)
၁၇း၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၇း၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ခရီးသွားခြင်းနှင့် ကျန်းမာခြင်း) (ဒေါက်ထွေး ဆေး/မန်း)
၁၈း၂၅ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (မဟာမိတ်တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် မောင်မောင်ထိပ်၏ သူငယ်ချင်း ချစ်သူတေးစီးရီး)
၂၀း၃၀ တေးသံစုံ (မြန်မာ့အသံအဖွဲ့)
၂၀း၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ရွှေလည်တိုင် (တင်တင်မူ)
(၂) အိပ်မက်လှလှမက်ပါစေ (ကိုမြသိန်း)
(၃) ပန်ရသည့် မောင့်တစ်ပွင့်ပန်း (ဥမ္မာ)

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တူးဖော်ဆောင်ရွက်ပြီးခဲ့သည့် နန်းတော်ကုန်းကျေးရွာ ကျေးလက်စက်ရေတွင်း ပြင်ဆင်ထိန်းသိမ်းမှု လုပ်ငန်းဆောင်ရွက်မှုကို မေ ၁၆ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးစိန်သန်းငွေ ကြပ်မတ်စစ်ဆေး ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ဇွန်၂ရက်ကရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဥယျာဉ်တိုက်အတွင်းရှိ (ဗောဓိ) နမ့်ဆန်နှစ်ထပ်ကျောင်းသစ် အပေါ်ထပ် ဘုရားခန်း အတွက် ဘုရားရုပ်တုနှင့် မြန်မာမှုအမွှမ်း၊ ပန်းအပြင်အဆင်တပ်ဆင်ပြုလုပ်ရန်အတွက် အလှူငွေကျပ်သိန်းနှစ်ဆယ်ကို အမှတ်(၁၂၁) အနော်ရထာလမ်းပုဇွန်တောင်မြို့နယ် နေ ဦးစိန်-ဒေါ်ကျင်မြိုင် သား သမီး၊ မြေးတစ်စုက ကျောင်းသစ်အကျိုးတော်ဆောင် နာယကဆရာတော် ဘဒ္ဒန္တ သုမေဓာထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့် ပညာဦးစီးဌာန (အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e- Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၁၁-၆-၂၀၀၇ (တနင်္လာနေ့)
- ❑ Teaching Short Story (1)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသောဆရာ ဆရာမများ
- ❑ English Language Teaching Methodology (1)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသောဆရာ ဆရာမများ

၁၂-၆-၂၀၀၇ (အင်္ဂါနေ့)
- ❑ English Language Teaching Methodology (2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသောဆရာ ဆရာမများ
- ❑ English Language Teaching Methodology (3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသောဆရာ ဆရာမများ

၁၃-၆-၂၀၀၇ (ဗုဒ္ဓဟူးနေ့)
- ❑ Research Methodology (1)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသောဆရာ ဆရာမများ
- ❑ Research Methodology (2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင်အင်္ဂလိပ်စာ ပို့ချလျက်ရှိသောဆရာ ဆရာမများ

၁၄-၆-၂၀၀၇ (ကြာသပတေးနေ့)
- ❑ Research Methodology (3)+(4)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင်အင်္ဂလိပ်စာ ပို့ချလျက်ရှိသောဆရာ ဆရာမများ
- ❑ Psycholinguistics (1)+(2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင်အင်္ဂလိပ်စာ ပို့ချလျက်ရှိသောဆရာ ဆရာမများ

၁၅-၆-၂၀၀၇ (သောကြာနေ့)
- ❑ Teaching Short Story (2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင်အင်္ဂလိပ်စာ ပို့ချလျက်ရှိသောဆရာ ဆရာမများ
- ❑ Teaching Short Story (3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင်အင်္ဂလိပ်စာ ပို့ချလျက်ရှိသောဆရာ ဆရာမများ

၁၆-၆-၂၀၀၇ (စနေနေ့)
- ❑ First year Guide
  - ပထမနှစ်အင်္ဂလိပ်စာအထူးပြု
- ❑ Echo Location
  - ပထမနှစ်အင်္ဂလိပ်စာအထူးပြု
- ❑ After Twenty Years
  - ပထမနှစ်အင်္ဂလိပ်စာအထူးပြု
- ❑ Tropical Countries
  - ပထမနှစ် အင်္ဂလိပ်စာအထူးပြု
- ❑ The Olympic Games
  - ပထမနှစ် အထူးပြုအားလုံး
- ❑ Judicial System in Myanmar
  - ပထမနှစ် ဥပဒေပညာအထူးပြု
- ❑ Administration in the Era of Myanmar Kings
  - ပထမနှစ် ဥပဒေပညာအထူးပြု
- ❑ Classification of Law
  - ပထမနှစ် ဥပဒေပညာအထူးပြု
- ❑ Major Legal Systems
  - ပထမနှစ် ဥပဒေပညာအထူးပြု
- ❑ The Legal Profession
  - ပထမနှစ် ဥပဒေပညာအထူးပြု

၁၇-၆-၂၀၀၇ (တနင်္ဂနွေနေ့)
- ❑ The Earth and its Movement
  - ပထမနှစ် ပထဝီဝင်အထူးပြု
- ❑ Solar Energy and Temperature
  - ပထမနှစ် ပထဝီဝင်အထူးပြု
- ❑ Erosion and Deposition By Wind
  - ပထမနှစ် ပထဝီဝင်အထူးပြု
- ❑ Land Forms
  - ပထမနှစ် ပထဝီဝင်အထူးပြု
- ❑ Cyclone and Anti-cyclone
  - ပထမနှစ် ပထဝီဝင်အထူးပြု
- ❑ The Origins of Feudalism
  - ပထမနှစ် ဝိဇ္ဇာအားလုံး၊ ဥပဒေ၊ ရသစာပေအထူးပြု
- ❑ Economic and Social Aspects of Feudalism
  - ပထမနှစ် ဝိဇ္ဇာအားလုံး၊ ဥပဒေ၊ ရသစာပေအထူးပြု
- ❑ Greek Civilization
  - ပထမနှစ် သမိုင်းအထူးပြု
- ❑ Industrial Revolution
  - ပထမနှစ် ဥပဒေ၊ ရသစာပေ၊ သမိုင်းအထူးပြု
- ❑ Revival of Trade
  - ပထမနှစ် ဝိဇ္ဇာအားလုံး၊ ဥပဒေ၊ ရသစာပေအထူးပြု

တပ်ကုန်း၌ တစ်ဧက တန်၅၀ထွက်မည့် စံပြကြံစိုက်ခင်း တောင်သူများလေ့လာ

တပ်ကုန်း မေ ၃၁

တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာအုပ်စု သပြေချောင်းကျေးရွာအနီး နယ်မြေခံတပ်ရင်းမှ စိုက်ပျိုးထားသော တစ်ဧကတန် ၅၀ပျမ်းမျှထွက်ရှိမည့် ဆင်းရွှေလီစံပြကြံစိုက်ခင်းကို မေ ၂၂ရက်က ကြံတောင်သူအင်အား ၆၀ခန့် ကွင်းဆင်းလေ့လာ ကြည့်ရှုကြသည်။

စံပြကြံစိုက်ခင်းတွင် စိုက်ကွင်းတာဝန်ခံနှင့် ကြံသီးနှံလုပ်ငန်း မြို့နယ်တာဝန်ခံဦးသက်ဦးတို့က ဆင်းရွှေလီကြံမျိုးဖြင့် တစ်ဧကတန် ၅၀ထွက်ရှိအောင် စိုက်ပျိုးထားသည့် နည်းစနစ်များကို ရှင်းလင်းတင်ပြပြီး နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးတင်ဝင်းက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဖြစ်ထွန်းအောင်မြင်နေသော ဆင်းရွှေလီစံပြကြံစိုက်ခင်းကို တောင်သူများက လက်တွေ့ကွင်းဆင်းလေ့လာပြီး သိလိုသည်များကို ဒုတိယဗိုလ်မှူးကြီးတင်ဝင်းနှင့် စိုက်ကွင်းတာဝန်ခံတို့က ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

အထူးစိတ်ဝင်စား

ယင်းနောက် နယ်မြေခံတပ်မှ တစ်ဧကပျမ်းမျှတန် ၅၀ထွက်ရှိအောင် စိုက်ပျိုးပြသထားသော စံပြဆင်းရွှေလီကြံစိုက်ခင်း၁၀ဧကအပေါ် ကြံတောင်သူများက အထူးစိတ်ဝင်စားစွာဖြင့် လေ့လာခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

(မြန်မာ့ကြံလုပ်ငန်း)

အုတ်တွင်းမြို့နယ် ကျွဲပွဲကျေးရွာ၌ ဝက်သက် ကာကွယ်ဆေးထိုးနှံ

အုတ်တွင်း မေ ၃၀

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်၊ ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်၊ ပဲခူးတိုင်းကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဌေးအောင်နှင့်ခရိုင်/မြို့နယ် အဆင့်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ လိုက်ပါလျက် မေ ၁၉ရက်က အုတ်တွင်းမြို့နယ်ကျွဲပွဲကျေးရွာတွင် အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းဆောင်ရွက်မှုကို အားပေးကြည့်ရှုခဲ့ကြောင်းသိရသည်။

(အပေါ်ပုံ)(ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်းများ

ကသာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးသန့်ရှင်းစေရေးအတွက် မေ ၅ရက်က ဈေးခေါင်း(၃)ဦးမြင့်ဦး ဦးဆောင်သည့် ဈေးအဖွဲ့ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ဈေးအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးထွန်းထွန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဟင်းသီးဟင်းရွက်များ ပိုးသတ်ဆေးမရှိရေး ပညာပေးဟောပြော

နန်းယွန်း ဇွန် ၁

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ကွပ်ကဲမှုအောက်ရှိ နန်းယွန်းမြို့ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဆောင်၍ ရုံးဝန်ထမ်းများ၊ ဈေးမိ ဈေးဖများ မေ ၂၀ရက်က ဈေးအတွင်း အလေးချိန်ခွင်မှန်ကန်မှု ရှိ မရှိ၊ အသီးအရွက်များ ပိုးသတ်ဆေးအသုံးပြုထားခြင်း ရှိမရှိနှင့် သားငါးတန်းအနံ့ဆိုးများ၊ ယင်များ ရှိမရှိတို့အတွက် သန့်ရှင်းရေး အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ပညာပေးစည်းရုံးဟောပြောခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ပြည်နယ်စည်ပင်)

ဆီဆိုင်မြို့နယ် မိုးရာသီ သီးနှံစိုက်ပျိုးရေး စီမံကိန်းတာဝန်ပေးအပ်

ဆီဆိုင် မေ ၂၀

ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ်၏ ၂၀၀၇-၂၀၀၈ခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးရေးစီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၅ ရက် နံနက် ၉ နာရီက ဆီဆိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြို့နယ် မြေစာရင်းဦးစီးဌာန အပါအဝင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စု ၁၉ အုပ်စုမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများ၊ ရပ်ကွက်ကျေးရွာစာရေး ဝန်ထမ်းများ စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခိုင်ထွန်းက ဆီဆိုင်မြို့နယ်၏ ၂၀၀၅-၂၀၀၆ မိုးရာသီ စိုက်ပျိုးသီးနှံ စီမံကိန်းလျာထားချက် ရရှိအောင်မြင်မှုအခြေအနေနှင့် ယခု ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ရွှေရင်အေး မိုးစပါး အပါအဝင် မိုးသီးနှံ၊ ဆောင်းသီးနှံတို့ကို ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားပြီး ကျေးရွာအုပ်စုတစ်ခုခြင်းသို့ စိုက်ပျိုးရေးတာဝန်များကို ပေးလိုက်ကြောင်း သိရသည်။ **(အပေါ်ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

ပုဂ္ဂလပညတ္တိပါဠိတော်ကျမ်းအတွက် ကြေးပြားများလှူဒါန်း

ရန်ကုန် ဇွန် ၇

ကြေးပိဋကတ်တော် အဘိဓမ္မာပိဋကဝင် စတုတ္ထအုပ် ပုဂ္ဂလပညတ္တိပါဠိတော်ကျမ်းအတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)အရှင်မြတ်ထံသို့ ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် နဝဒေးလမ်း ခြံအမှတ် (၁၇/အေ) တိုက်(ဘီ/၁၀၃)နေ မိဘနှစ်ပါးအား အမှူးထား၍ သမီး မမီမီအောင်(ခ)မသဇင်ဝေနှင့်သား မောင်ကောင်းစည်သူ၊ ကျောက်ပုထိုး ရွှေသတ္တုတွင်း ကောလင်းမြို့နေ နှစ်ဖက်သော မိဘများအား အမှူးထား၍ ဦးထူးဆန်း(အငယ်တန်းအင်ဂျင်နီယာ)-ဒေါ်သိန်းနု၊ သမီး မနီလာဦး၊ မမြသီတာ၊ သား မောင်အောင်သူရ၊ သုဝဏ္ဏမြို့ သံသုမာလမ်း အမှတ် ၂၀၉ အခန်း ၄ နေ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးမြင့်ထွေး-ဒေါ်ရတနာ၊ သား မောင်အောင်ပြည့်ဖြိုး၊ ပန်းဘဲတန်းမြို့နယ် ၂၉လမ်း အမှတ် ၂၀၆ ပထမထပ်နေ ဦးကြည်အေး-ဒေါ်ငွေရွှေ၊ သား ဦးခင်ဇော်-ဒေါ်ခင်ရီထွေး၊ မြေး ကိုအောင်ကျော်မိုး-မသီတာဇော်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဂျိုးဖြူလမ်း ရှိုင်းကွန်ဒို တိုက် ၂၉ အခန်း ၉၀၁ နေ နှစ်ဖက်သော မိဘများအား အမှူးထား၍ ဗိုလ်ကြီးမျိုးမြင့်လေး-မအေးမြတ်စိုး၊ သား မောင်ဥက္ကာမျိုးမြင့်၊ ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် ဗိုလ်ရာညွန့်လမ်း အမှတ် ၂၆ အခန်း ၁၂ နေ ဦးစိုးတင့်-ဒေါ်တင်တင်မြင့်နှင့် သား သမီး၊ မြေးတစ်စု၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၂၃လမ်း အမှတ် ၉၈ နေ ဦးသိန်းလှိုင်ဖြူ(သုံးနှစ်မြောက်) အထိမ်းအမှတ်အဖြစ် ဇနီး ဒေါ်သီသီ၊ ပန်းဘဲတန်းမြို့နယ် ၂၉လမ်း အမှတ် ၁၂၂နေ ဆရာမဒေါ်လှခင်နှင့် သာကေတမြို့နယ် ရန်ပြေ ၁၇လမ်း ၃ ရပ်ကွက် အမှတ် ၂၃ နေ ဆရာမ ဒေါ်သူဇာအောင်၊ လမ်းမတော်မြို့နယ် လမ်းမတော်လမ်း အမှတ်(၁၅၁/အေ) ပထမထပ်နေ ဒေါ်တင်တင်အေးနှင့် တပည့်များ၊ ပုဇွန်တောင်မြို့နယ် တာဝတိံသာလမ်း အမှတ် ၅၈ နေ ဦးဖန်ရှင်-ဒေါ်စန်းစန်းမြင့်နှင့် ဓမ္မမိတ်ဆွေများ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး မြန်မာ့ဂုဏ်ရည်လမ်း တိုက် (၁၅၃/၈)နေ မိဘနှစ်ပါးနှင့်ခင်ပွန်း ဦးထွန်းရီတို့အား ရည်စူး၍ ဇနီး ဒေါ်လှမြင့်၊ သမီး ဒေါ်သီတာ၊ ဒေါ်ယဉ်မွန်၊ သား မောင်ကျော်မိုးခိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ၂၆ ရပ်ကွက် အောင်ဇေယျအိမ်ရာ တိုက်(၆၄/၁၀၁)နေ ဒေါ်ခင်ဝင်းရွှေ၊ သမီး မမေမျိုးမြတ်၊ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်မှ ကိုသက်ဇင်၊ ကိုမင်းမင်းစိုး၊ ကိုထွန်းထွန်းသိန်း၊ ကိုမျိုးမင်းအောင်၊ ကိုစိုင်းရာဇာ သူငယ်ချင်းတစ်စု၊ မင်းပြားမြို့ သံတောင်ရပ်ကွက်နေ ဦးကျော်နုမောင်-ဒေါ်အေးအေးသန်း၊ သမီး မခင်ချောစုတို့က ကြေးပြားတစ်ချပ်စီ လှူဒါန်းကြသည်။

ထို့အပြင် လှိုင်မြို့နယ် ၄ ရပ်ကွက် အေးရိပ်မွန်အိမ်ရာ အေးရိပ်မွန် ၁ လမ်း တိုက် ၂၂ အခန်း ၀၀၆ နေ ဦးဇော်ညွန့်ဦး-ဒေါ်မေမြတ်ကြူ(မြန်မာကိုင်ဒိုကုမ္ပဏီ) ကိုးနှစ်မြောက်မင်္ဂလာအထိမ်းအမှတ်အဖြစ် ကြေးသေတ္တာတစ်လုံးအတွက် ငွေကျပ် ၁၀၀၀၀၀ကို လှူဒါန်းကြကြောင်း သိရသည်။ **(က-ပ)**

လောင်းလုံးမြို့ အနောက်ပြင်တံတား ကျောက်ပေါင်စီသစ်သားခင်းခြင်း လုပ်ငန်းဆောင်ရွက်မည့် အခြေအနေကို မေ ၁၈ ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်အုံးနှင့် တာဝန်ခံအင်ဂျင်နီယာဦးမိုးဇော်တို့က လုပ်ငန်းအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဝိုင်းမော် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး စုပေါင်းဇာတ်တိုက်လေ့ကျင့် သရုပ်ပြဆောင်ရွက်

ဝိုင်းမော် မေ ၂၄

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မေ ၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမိဈေးဖများနှင့် ဈေးသူ ဈေးသားများ စုပေါင်းဇာတ်တိုက် လေ့ကျင့်သရုပ်ပြမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူး သောင်းဖေ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်အိအိရွှေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်၊ မြို့နယ်မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီဝင် ဦးကြည်ထွန်းတို့ ကြီးကြပ်ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

၂၀၀၇-၂၀၀၈ ပညာသင်နှစ်မှစ၍ အခမဲ့မူလတန်းပညာရေးစနစ် ဖော်ဆောင်နေ အသိပညာရှင် အတတ်ပညာရှင်များ ပေါ်ထွန်းလာရေး အပတ်တကုတ်လေ့လာသင်ယူ

နေပြည်တော် ဇွန် ၇

မွန်ပြည်နယ် ရေးမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၅ ရက် နံနက် ၇ နာရီခွဲတွင် ကျောင်းရွာနယ်မြေခံတပ်ရင်းခန်းမသို့ သွားရောက်၍ တပ်နယ်အတွင်းရှိ အရာရှိ၊ စစ်သည်မိသားစုဝင်များနှင့် တွေ့ဆုံပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သက်သာချောင်ချိရေးကိစ္စရပ်များနှင့် ဒို့တာဝန်အရေးသုံးပါးဦးထိပ်ထားကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများနှင့်လက်တွဲ ပူးပေါင်းဆောင်ရွက်သွားကြရေး မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တပ်နယ်မိသားစုဝင်များအတွက် ထောက်ပံ့ပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်ပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ရေးမြို့နယ် ကျောင်းရွာတိုက်နယ်ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ကြက်ဆူဆီဖြင့် တစ်ရွာလုံးမီးလင်းရေး၊ လယ်ယာသုံးစက်ကိရိယာများ သုံးစွဲဆောင်ရွက်နိုင်ရေး မြို့နယ်အလိုက် စံပြကျေးရွာများသတ်မှတ်ပြီး လျာထားချက်ပြည့်မီအောင် ဖော်ဆောင်စိုက်ပျိုး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မှော်ဘီမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးပွဲတွင် တာဝန်ရှိသူများအား ကြက်ဆူပင်မျိုးစေ့နှင့် မျိုးကိုင်းများကို ပေးအပ်စဉ်။
(သတင်းစဉ်)

ရန်ကုန် ဇွန် ၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်နှင့် ဖူးကြီးတပ်နယ်တို့၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးပွဲ အခမ်းအနားများသို့ တက်ရောက်အားပေးချီးမြှင့်ပြီး ရတနာတန်းဝင် ကျွန်းပင်၊ ကံ့ကော်ပင်နှင့် ကြက်ဆူပင်များကို အမှတ်တရအထိမ်းအမှတ် စိုက်ပျိုးပေးသည်။

အားပေးချီးမြှင့်

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဖူးကြီးတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်နောင်နှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင်

စာမျက်နှာ ၁၁ ကော်လံ ၁ ❐

NLD ပါတီနှင့် ပါတီခေါင်းဆောင်ဆိုသူများ၏ နိုင်ငံပြိုကွဲ ပျက်စီးအောင်၊ ပြည်သူလူထု ဒုက္ခရောက်အောင် နည်းမျိုးစုံဖြင့် လုပ်ဆောင်ပိတ်ဆို့နေမှုများကို မလိုလားသောကြောင့် တွံတေး၊ မော်လမြိုင်နှင့် တောင်တွင်းကြီးမြို့နယ်တို့မှ ပါတီဝင်များ နုတ်ထွက်

ရန်ကုန် ဇွန် ၇

ရန်ကုန်တိုင်း တွံတေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ကရင်ချောင်းကျေးရွာနေ ဦးဂွတို၊ ဦးသာဉာဏ်၊ ဒေါ်ဝင်းဝင်းချိုနှင့် ဦးဖိုးသီး၊ မော်လမြိုင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးအောင်ချိုဦးတို့သည် မေ ၂၉ ရက်တွင်လည်းကောင်း၊ မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှပါတီဝင် ဦးမျိုးမြင့်သည် ဇွန် ၅ ရက်တွင်လည်းကောင်း ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

တွံတေးမြို့နယ်၊ မော်လမြိုင်မြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ခွဲ အသီးသီးတို့သို့ ပေးပို့သော နုတ်ထွက်လွှာများတွင် ၎င်းတို့အနေဖြင့် NLD ပါတီ၏ လှုပ်ရှားမှုများကို စိတ်ဝင်စားမှု မရှိတော့ကြောင်း၊ NLD ပါတီနှင့် ပါတီခေါင်းဆောင်ဆိုသူများ၏ နိုင်ငံပြိုကွဲပျက်စီးအောင်၊ ပြည်သူလူထုဒုက္ခရောက်အောင် ပြည်ပနိုင်ငံကြီးအချို့၏ အကူအညီရယူပြီး နည်းမျိုးစုံဖြင့် လုပ်ဆောင်နေမှု၊ ပိတ်ဆို့နေမှုများကို မလိုလားသောကြောင့် ၎င်းတို့၏ သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ နေပြည်တော်၊ ပေါင်းလောင်း၊ လယ်ဝေးကွင်းများ၌ ကျင်းပမည်

သတင်းဆောင်းပါး - ကိုထွေး

ရန်ကုန် ဇွန် ၇

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဇွန် ၁၅ ရက်မှ ဇူလိုင် ၂၈ ရက်အထိ နေပြည်တော်ကွင်း၊ ပေါင်းလောင်းကွင်းနှင့် လယ်ဝေးကွင်းများ၌ ကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✻